# ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလကွယ်၊ ကြာသပတေးနေ့ (27-11-2008) (၅၈၇၅)


ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မိတ္ထီလာ လွင်ပြင် ရေရရှိရေးအတွက် ဆောင်ရွက်ထားသည့် ကင်းတား လက်ဝဲမြောင်းသုံးလုံးဖြင့် ပင်မရေတင်စက်ရုံမှ မြောင်းခွဲများသို့ ရေပေးဝေပြီး မိုးစပါးဧက ၁၀၀၀ အား ရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၆

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကုန်းရွာအနီးရှိ မိတ္ထီလာလွင်ပြင်ရေရရှိရေး အမှတ်(၂) လျှပ်စစ်ရေတင်စခန်း ရေတင်စက်ရုံနှင့် ရေစုကန်တို့ကိုလည်းကောင်း၊ အမှတ်(၂) ရေတင်စခန်းတွင် တပ်ဆင်မည့် အမြင့်တင်ရေပန့်နှင့် မော်တာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**



ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ဒိုင်းကောင်းကုန်း ရေတင်မြောင်းများ၏ပတ်ဝန်းကျင်၌ စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှုနှင့် ရေပေးမြောင်းများ တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မိတ္ထီလာလွင်ပြင်ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်း ဒိုင်းကောင်းကုန်း ရေတင်စခန်းစီမံကိန်းပြီးစီးပါက ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့တွင် များစွာ အကျိုးဖြစ်ထွန်းစေမည့်အပြင် စီမံကိန်းဒေသတွင် သီးနှံစိုက်ဧက ၃၀၀၀၀ တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်၍ ဒေသဝမ်းစာဖူလုံမှုကို အထောက်အကူဖြစ်စေမည့် စီမံကိန်းဖြစ်သည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မိတ္ထီလာလွင်ပြင် ရေရရှိရေးအတွက် ဆောင်ရွက်ထားသည့် ကင်းတားလက်ဝဲမြောင်း သုံးလုံးဖြင့် ပင်မရေတင်စက်ရုံမှ မြောင်းခွဲများသို့ ရေပေးဝေပြီး မိုးစပါးဧက ၁၀၀၀ အား ရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများနှင့် ကင်းတား လက်ဝဲမြောင်းအတွင်း ရေဝင်ရောက်မှုကိုလည်းကောင်း၊ သဲတောရိုးဆုံလမ်း မြောင်းကူးတံတား တည်ဆောက်နေမှု အခြေအနေများကို လည်းကောင်း၊ ရုံးစုံကျေးရွာအုပ်စု ရိုးစုံဘေလီတံတားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

# ညောင်တုန်းကျွန်းမှ ပန်းလှိုင်ရေထိန်းတံခါး နွေစပါး၊ မိုးစပါး အထွက်တိုးရေးထောက်ကူ


သတင်းဆောင်းပါး-ခိုင်ဇော်

သတင်းဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)


**ဧရာဝတီမြစ်ရေသည် တသွင်သွင်စီးဆင်းလျက်ရှိသည်။ မြစ်၏အောက်ပိုင်းတွင် မြစ်ခွဲပေါင်းများစွာဖြာထွက်ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကြီးအဖြစ် ဖြစ်တည်ကာ အောင်မြင်ဖြစ်ထွန်းသော စိုက်ပျိုးမြေများစွာ တည်ရှိရာအရပ်ဖြစ်သည်။ ဧရာဝတီတိုင်းတွင် ယခင်က မိုးရေကိုသာ မှီခိုအားထားပြီး စိုက်ပျိုးရေးအတွက် တောင်သူလယ်သမားများ အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသည်။**

ကြေးမုံသတင်းအဖွဲ့သည် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်တွင် မိုးစပါးသာမက နွေစပါးစိုက်ပျိုးနိုင်မှုတို့ကို သိရှိနိုင်ရန်အတွက် အချိန်တိုကာလအတွင်း စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းကြည့်ရာ "ကျွန်တော့်နာမည်က ဦးလှဌေးပါ။ ဆည်မြောင်းဦးစီးဌာနက ဦးစီးအရာရှိပါ။ ဒီညောင်တုန်းကျွန်းဒေသဟာ ဧရာဝတီတိုင်းအတွင်း တည်ရှိပြီး မြောက်ဘက်မှာ ပန်းလှိုင်မြစ်၊ အနောက်ဘက်မှာ ဧရာဝတီမြစ်၊ တောင်ဘက်မှာ တိုးမြစ်နှင့် အရှေ့ဘက်တွင် ခတ္တိယရေကျော်ချောင်းတို့ဖြင့် ဝန်းရံတည်ရှိနေပြီး အကျယ်အဝန်းမြေဧရိယာဧက နှစ်သိန်းခန့်ရှိတဲ့ ကျွန်းကြီးဖြစ်ပါတယ်။ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ညောင်တုန်းကျွန်းအတွင်း နှစ်ကာလကြာမြင့်စွာ တိမ်မြုပ်နေခဲ့တဲ့ ရေမြုပ်မြေတွေကို ဖော်ထုတ်တိုးချဲ့ပြီး စိုက်ပျိုးမြေဧကတိုးတက်စေရန် လက်ရှိစိုက်ပျိုးလျက်ရှိသော **စာမျက်နှာ ၇ ကော်လံ ၁ သို့ ▲**

**ပန်းလှိုင်ရေထိန်းတံခါး၏ ကွင်းဘက်မြောင်းအား တွေ့ရစဉ်။**



The Mirror
၂၇-၁၁-၂၀၀၈
(ကြာသပတေးနေ့)

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# လူသားမျိုးနွယ်အစ ပရိုင်းမိတ်များ ဖော်ထုတ်တွေ့ရှိမှု မြန်မာလူမျိုးတို့၏ ဇာတိဇာစ်မြစ်ဖြစ်တည်မှုပိုမိုခိုင်မာ

တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၏ လူသားမျိုးနွယ်အစ၊ သမိုင်းအထောက်အထား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့ကို သိရှိနိုင်ရန်မှာ ၎င်းလူမျိုးများ ဖြစ်တည်ရှင်သန်ခဲ့ရာ ရေ၊ မြေ၊ သဘာဝအနေအထားများနှင့် တူးဖော်တွေ့ရှိမှု အထောက်အထားများက သက်သေပြုလျက်ရှိသည်။

မြန်မာလူမျိုးတို့သည် မြန်မာ့မြေ၊ မြန်မာ့ရေပေါ်တွင် ရှေးနှစ်သန်းပေါင်း ၄၀ ကျော်ကတည်းက ဖြစ်တည်ရှင်သန်ခဲ့ကြောင်း ပုံတောင်ပုံညာဒေသတွင် တွေ့ရှိရသည့် ပရိုင်းမိတ်များက ထင်ရှားသောအထောက်အထားများအဖြစ် ပြသလျက်ရှိသည်။ ဤကဲ့သို့ လူသားမျိုးနွယ်အစနှင့် လက်ရှိလူသားတို့၏ဘဝ သမိုင်းကွင်းဆက်များကို သိရှိနိုင်ရန် သက်တမ်းအလိုက်၊ ခေတ်အလိုက် သမိုင်းအထောက်အထားများက ဆက်စပ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ မြန်မာ့သမိုင်း အထောက်အထားများကို ရှေးဟောင်းသုတေသနနည်းပညာများဖြင့် ရှာဖွေဖော်ထုတ်လျက်ရှိရာတွင် လူသားမျိုးနွယ် ပရိုင်းမိတ်များ ရှာဖွေတွေ့ရှိမှု၊ မြို့ဟောင်းများ တူးဖော်မှုတို့မှ တွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းများ၊ အသုံးအဆောင် ပစ္စည်းများက နိုင်ငံ၏ ယဉ်ကျေးမှုသမိုင်းစဉ်အရ ရှည်လျားခိုင်မာသော သမိုင်းကြောင်းရှိသည်ကို ဖော်ညွှန်းနေပေသည်။

ယခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့မှ အောက်တိုဘာလ ၂၈ ရက်နေ့အထိ မန္တလေးတိုင်း မိတ္ထီလာမြို့နယ် မြာ-ရေဝေကျေးရွာ၏ မြောက်ဘက် လေးမိုင်ခန့်တွင်ရှိသော တောင်သူ ဦးအောင်ခင်၏ ယာခင်းမှ တူးဖော်တွေ့ရှိရသည့် ကြေးပြားစများ၊ ယောက်သွားအပိုင်းအစများ၊ ကျောက်ပုတီးစေ့များက မြန်မာ့သမိုင်းတွင် ကွင်းဆက်ကွက်လပ် ဖြစ်နေခဲ့သော ကြေးခေတ်၊ သံခေတ်အထောက်အထားများကို ဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်သည်။

ထို့အတူပင် မကွေးတိုင်း မြိုင်မြို့နယ်နှင့် ပေါက်မြို့နယ်တို့မှ တူးဖော်တွေ့ရှိရသော ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများမှာ သက်တမ်း ၃၇ဒသမ ၂သန်းရှိပြီးဖြစ်ရာ ပုံတောင်ဂျီးယား ပရိုင်းမိတ်များနှင့် ဆက်စပ်နေကြောင်း သမိုင်းအထောက်အထားတွေ့ရှိမှု အသစ်တစ်ရပ်ကို ဖော်ထုတ်နိုင်ခဲ့သည်။

မြန်မာလူမျိုးများ မြန်မာ့မြေ၊ မြန်မာ့ရေပေါ်တွင် လူသားမျိုးနွယ်အဖြစ် စတင်ဖြစ်ထွန်းပေါ်ပေါက်လာသည်မှ အစပြု၍ ခေတ်အဆက်ဆက် ဖြတ်သန်းတည်ရှိခဲ့ရမှုကို လူသားမျိုးနွယ်အစ ပရိုင်းမိတ်များ ဖော်ထုတ်သုတေသနပြုခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ မြင့်မားတိုးတက်စေမည်ဖြစ်ပေသည်။ ။

# ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခ/ဌာနမှူးများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

**ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခ/ဌာနမှူးများ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ၂၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆေးတက္ကသိုလ်များမှ ၂၀၀၆ခုနှစ်နှင့် ၂၀၀၇ ခုနှစ်များတွင် အောင်မြင်ခဲ့ကြသော ဆရာဝန်များအား ကျန်းမာရေးဝန်ကြီးဌာနက အလုပ်ခန့်ထားရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များမှ နိုင်ငံတကာ အသိအမှတ်ပြုခံရသည့်အရည်အချင်း ပြည့်ဝသောဆရာဝန်များကို လေ့ကျင့်မွေးထုတ်ပေးလျက် ရှိကြောင်း၊ မြန်မာဆရာဝန်များသည် နိုင်ငံခြားပါရဂူဘွဲ့စာမေးပွဲများကို လွယ်ကူစွာဖြေဆို အောင်မြင်လျက်ရှိကြောင်း၊ ဤကဲ့သို့ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရန်၊ သင်ကြားရေးဆရာများက ဝိုင်းဝန်း ညီညွှတ်ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဆေးကျောင်းသားများ အရည်အသွေး ပြည့်ဝစေရေးအတွက် စဉ်ဆက်မပြတ် ဆေးပညာရပ်ဆိုင်ရာ သင်ကြားရေးတွင် စီစဉ်ညီညွှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဆေးတက္ကသိုလ်များသို့ ဝင်ရောက်သင်ကြားခွင့်၌ နိုင်ငံတော်နှင့် ပြည်သူများအတွက် အလုပ်အကျွေးပြုလိုသည့် သဘောထားခံယူချက်ရှိသည့် ကျောင်းသားများကိုသာ ရွေးချယ်သင်ကြားပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်ကြားရေးဆရာ၊ ဆရာမများက ကျောင်းစည်းကမ်းနှင့်အညီ ကျောင်းသားများကို စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးစေလိုကြောင်း၊ ကျောင်းစည်းကမ်းအရ ကျောင်းခေါ်ချိန်ပြည့်မီသူများ၊ အတန်းတွင်းလုပ်ဆောင်ချက် အရည်အချင်းပြည့်မီသူများသည် စာမေးပွဲအောင်မြင်လျက်ရှိကြောင်း၊ ဆေးပညာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများကိုယ်တိုင်ပါဝင်၍ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီ ရေးဆွဲသင်ကြားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ဆေးပညာရှင်ဆရာဝန်များ၏ အောင်မြင်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများက အသိအမှတ်ပြု၍ အသက်(၆၀)ပြည့်ပြီးနောက်ပိုင်း အထူးလိုလားစွာ အလုပ်ခန့်ထားပေးလျက်ရှိသည်ကို တွေ့ရကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များက မိမိတို့ ဆေးတက္ကသိုလ်များအလိုက် ဆေးပညာသင်ကြားနေသည့် ကျောင်းသားများ၏ သင်ကြားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လည်းကောင်း၊ ဆေးတက္ကသိုလ်အသီးသီးတို့မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများက ဘာသာရပ်ဆိုင်ရာ သင်ကြားနေသည့် ကျောင်းသားများ၏ သဘောထားခံယူချက်၊ လေ့လာတွေ့ရှိချက်များကို တင်ပြဆွေးနွေးကြရာ ဆွေးနွေးတင်ပြချက်များအပေါ် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က ညှိနှိုင်းဆွေးနွေး ဖြည့်ဆည်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှပါမောက္ခချုပ်များနှင့် ပါမောက္ခ/ဌာနမှူးများအား အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၇-၁၁-၂၀၀၈ ( ကြာသပတေးနေ့ )**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၅း၁၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ (အပိုင်း-၅၁)**
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း-၂၅)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ အနုပညာရှင်၏ တစ်နေ့တာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **မြန်မာဗီဒီယိုဇာတ်လမ်း 'ရောဝတီရဲ့မနက်ဖြန်" (အပိုင်း-၂)(နေအောင်၊ ကျော်ရဲအောင်၊ ရဲအောင်၊ ဝေဠုကျော်၊နေတိုး၊ ပြေတီဦး၊ ဟိန်းစိုး၊ နန္ဒ၊ အောင်ခိုင်၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ စိုးမိုးကြည်၊ မိုးပြည့်ပြည့်မောင်၊ ဝိုင်းစုခိုင်သိမ်း)(ဒါရိုက်တာ-စင်ရော်မောင်မောင်)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

## မုန်တိုင်းငယ် ပိုမိုအားကောင်းလာ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ယမန်နေ့က သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အနီးမှ ဖြတ်ကျော်လျက်ရှိသောမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာပြီး အပူပိုင်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာသည်။ ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အဆိုပါအပူပိုင်းမုန်တိုင်းသည် အိန္ဒိယနိုင်ငံ ကိုချင်မြို့၏ အရှေ့ဘက်မိုင် ၂၆၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်မြောက်အရပ်သို့ ဆက်လက်ရွေ့လျားကာ နောက် ၁၂ နာရီအတွင်းအိန္ဒိယနိုင်ငံ တမီနားဒူးလ်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)





## ဟောပြော

**နိုဝင်ဘာ ၂၅ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ဦးဆောင်မှုဖြင့် ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့ (MANA) တို့ ပူးပေါင်း၍ ဗိုလ်တထောင်မြို့နယ်အထက (၆)၌ မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲ ကျင်းပစဉ်။** (၅၄၂)

## မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၁၁/၂၀၀၈)အစည်းအဝေးကို နိုဝင်ဘာ၂၅ ရက် မွန်းလွဲ၁ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ်အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က ယခင်(၁၀/၂၀၀၈) အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေကိုတင်ပြပြီး လုပ်ငန်းကော်မတီများ အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြကာ ၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် သဘာပတိ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရှိရသည်။ (သတင်းစဉ်)





သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ စားပွဲဝိုင်း ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ စားပွဲဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

**မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့်ပြန်လည် ထူထောင်ရေး လုပ်ငန်းများဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ စားပွဲဝိုင်းဆွေးနွေးပွဲ (High-Level Roundtable on Post-Nargis Relief and Recovery Efforts) ကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယမ် ဟိုတယ်၌ ကျင်းပသည်။**

အဆိုပါ စားပွဲဝိုင်း ဆွေးနွေးပွဲသို့ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အာဆီယံနိုင်ငံများ၏ ကိုယ်စား အလှည့်ကျဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှု အထောက်အကူပြုရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Bishow Parajuli ၊ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့-အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ အာဆီယံနှင့် အခြားနိုင်ငံများမှ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံတမန်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအဖွဲ့များ၊ အာဆီယံနိုင်ငံများမှ မီဒီယာများ၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းရှိ ဂျာနယ်၊ မဂ္ဂဇင်းများမှ မီဒီယာများ တက်ရောက်ကြသည်။

စားပွဲဝိုင်းဆွေးနွေးပွဲတွင် အာဆီယံ အတွင်းရေးမှူးချုပ်ကိုယ်စားအာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ကိုယ်စားအလှည့်ကျ ဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေ ကိုယ်စားလှယ်နှင့် လူသားချင်းစာနာ ထောက်ထားမှု အထောက်အကူပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Bishow Parajuli က အမှာစကား ပြောကြားသည်။

ထို့နောက် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက Post-Nargis Current State of Relief and Recovery Efforts အစီရင်ခံစာကို တင်ပြသည်။

ယင်းနောက် စားပွဲဝိုင်း ဆွေးနွေးပွဲ၏ နံနက်ပိုင်းအစီအစဉ်ကို ကျင်းပရာ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကဏ္ဍအလိုက် တာဝန်ရှိသူများက နာဂစ်မုန်တိုင်းအပြီး (၆)လအကြာ ခြုံငုံသုံးသပ်မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆိုင်ရာများကို ပြန်လည်ဆန်းစစ်မှုအဖြစ် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့၏ အချိန်ကာလအလိုက် ပြန်လည်လေ့လာဆန်းစစ်မှု၊ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့၏ လူမှုရေးဆိုင်ရာ ရိုက်ခတ်မှုကို လေ့လာဆန်းစစ်ခြင်းနှင့် နာဂစ်မုန်တိုင်းအပြီး ပြန်လည် ထူထောင်ရေးနှင့် ကြိုတင်ကာကွယ်ရေး စီမံချက်တို့ကို တင်ပြဆွေးနွေးကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားဆွေးနွေးကြသည်။

စားပွဲဝိုင်းဆွေးနွေးပွဲ၏ မွန်းလွဲပိုင်းအစီအစဉ်တွင် အာဆီယံနိုင်ငံများ ကိုယ်စားလှယ် အလှည့်ကျဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကဏ္ဍအလိုက် တာဝန်ရှိသူများက မြို့နယ်အဆင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော်နေသောကျေးရွာကို အခြေခံသော ဆောလျင်စွာ ပြန်လည်ထူထောင်ရေး စီမံချက်နှင့် နာဂစ်မုန်တိုင်းအလွန် တုံ့ပြန်မှုတွင် အာဆီယံ၏အခန်းကဏ္ဍတို့ကို တင်ပြဆွေးနွေးကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ထို့နောက် ဆွေးနွေးပွဲ၏ ညနေပိုင်း အစီအစဉ်တွင် ရှေ့ဆက်လက်လုပ်ဆောင်မည့် မဟာဗျူဟာလမ်းစဉ်နှင့်စပ်လျဉ်းသည်များကိုမြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong က ဦးဆောင်၍ ကဏ္ဍအလိုက် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး ညနေပိုင်းတွင် စားပွဲဝိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁၁-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "သံသရာသစ်ငုတ်အမြစ်ဖြုတ်ကြစို့"တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ) |
| ၈း၀၀ - ၂း၀၀ | နိဗ္ဗာန်ဆီသို့. . . အမေးအဖြေများ |
| ၈း၂၅ - ၂း၂၅ | တေးဂီတအစီအစဉ် |
| ၈း၃၀ - ၂း၃၀ | ပြည်တွင်းအနုပညာရေးရာ |
| ၈း၅၅ - ၂း၅၅ | ရွှေဖြူဟုခေါ်သည်(အပိုင်း-၁) |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | လက်နှင့်ပြုလုပ် ပြင်ဦးလွင်အုတ် |
| ၉း၃၅ - ၃း၃၅ | မိခင်လောင်းများအတွက်အာဟာရ (ဒေါက်တာလှကြည်) |
| ၉း၅၀ - ၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ - ၃း၅၅ | အဖိုးတန်အရည်အသွေးများနှင့်ယှဉ်လျက် |
| ၁၀း၁၅ - ၄း၁၅ | သဘာဝကပေးတဲ့အကျိုးအာနိသင် |
| ၁၀း၃၀ - ၄း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၅ - ၄း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀ - ၄း၄၀ | သစ်ခွ |
| ၁၀း၅၅ - ၄း၅၅ | ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Yangon Florist and Gift) |
| ၁၁း၀၅ - ၅း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၅ - ၅း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ - ၅း၂၀ | Estrogen မှ Functional Cosmetics ဆီသို့ |
| ၁၁း၄၀ - ၅း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၅ - ၅း၄၅ | Yangon Panorama (2008 Ginsomin Successful Couple's Award) |
| ၁၂း၁၀ - ၆း၁၀ | Activities In The City (OGAWA ရဲ့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ) |
| ၁၂း၂၀ - ၆း၂၀ | ရသစုံစွာတေးအလင်္ကာ |
| ၁၂း၄၀ - ၆း၄၀ | ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာခင်မျိုးအေးဘိုနှင့်တွေ့ဆုံခြင်း) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကြေးမုံ The Mirror — အင်တာနက် နည်းပညာ သိပ္ပံ

## ပင့်ကူမျှင်အဝတ်အထည်ရက်လုပ်ရန် ဗြိတိသျှသိပ္ပံပညာရှင်များမျှော်မှန်း

**လန်ဒန် နိုဝင်ဘာ ၂၆**

ဗြိတိန်နိုင်ငံမှ သိပ္ပံပညာရှင်များသည် ပင့်ကူသတ္တဝါ၏ ပင့်ကူမျှင်ထုတ်လုပ်သော မျိုးဗီဇကို လေ့လာလျက်ရှိကြောင်း၊ ၎င်းတို့၏ရည်ရွယ်ချက်မှာ နောင်တစ်နေ့တွင် ပိုးချည်မျှင်ဖြင့်ပိုးထည်များ ရက်လုပ်သကဲ့သို့ ပင့်ကူမျှင်ဖြင့် အဝတ်အထည်များ ရက်လုပ်နိုင်ရန်ဖြစ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပိုးထည်ရက်လုပ်သည့် နည်းပညာကို အစောဆုံးတတ်မြောက်သူများမှာ တရုတ်လူမျိုးများဖြစ်သည်။ တရုတ်လူမျိုးများသည် လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာကတည်းကပင် ပိုးထည်များကို ရက်လုပ်ခဲ့ကြသည်။

လွန်ခဲ့သည့် ခေတ်ကာလများတွင် ပိုးချည်၏ လျှို့ဝှက်ဆန်းကြယ်မှုများကို ဖော်ထုတ်နိုင်ရန် သုတေသီတို့ ကြိုးပမ်းခဲ့ကြသည်။ သုတေသီများသည် ပိုးချည်ကို တွင်တွင်ကျယ်ကျယ် ထုတ်လုပ်လာနိုင်စေရေးအတွက် ပိုးစာကောင်များကို လေ့လာခဲ့ကြသည့်အပြင် ပင့်ကူများနှင့် အခြားသော ပိုးကောင်ငယ်များကိုလည်း သုတေသန ပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် သတ္တဝါများက ပိုးမျှင်ထုတ်လုပ်မှုနှင့် ပတ်သက်၍ သုတေသီများမှာ အပြည့်အဝ နားလည်ရန် အခက်အခဲများ တွေ့ကြုံခဲ့ရသည်။

ယခုအခါတွင် အင်္ဂလန်အောက်စ်ဖို့ဒ်တက္ကသိုလ်မှ ဇွဲ့ပါမောက္ခ အန်းတယ်ရီနှင့်အဖွဲ့က အနာဂတ်ကာလတွင် မျိုးဆက်သစ် အထည်အလိပ်များ ထုတ်လုပ်လာနိုင်စေရန် ပိုးစာကောင်နှင့် ပင့်ကူတို့ကို သုတေသနပြုလုပ်လျက်ရှိသည်။

ပင့်ကူမျှင်သည် ပိုးစာကောင်က ထုတ်လုပ်သော ပိုးချည်ထက်ပိုမိုခိုင်မာမှုရှိကြောင်း တယ်ရီကပြောကြားသည်။ ပင့်ကူမျှင်၏ ခိုင်မာမှုဆိုသည်မှာ ပင့်ကူမျှင်ကို ဖွဲ့စည်းထားသော အရာဝတ္ထုပြိုကွဲစေရန် လုပ်ဆောင်ရာတွင် စွမ်းအင်သုံးစွဲမှုပမာဏအပေါ် မူတည်၍ ပြောဆိုခြင်းဖြစ်သည်။

ပင့်ကူက ထုတ်လုပ်သော အမျှင်(ပိုးမျှင်)သည် လူတို့ပြုလုပ်သော ချည်မျှင်ထုထက် နှစ်ဆခန့် ပိုမိုခိုင်မာမှုရှိကြောင်း တယ်ရီက ပြောကြားသည်။

ပင့်ကူမျှင်(ပင့်ကူချည်)သည် ပိုးမျှင်နည်းတူချောမွတ်မှုရှိပြီး စေးကပ်သည့် သတ္တိလည်း ပါရှိကြောင်း၊ ပင့်ကူချည်အသုံးပြုကာ အဝတ်အထည်များ ထုတ်လုပ်နိုင်ရန် ပင့်ကူချည် အမြောက်အမြား လိုအပ်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ပင့်ကူကို မွေးမြူကာ ပင့်ကူချည်ထုတ်လုပ်ရန်မှာ လက်တွေ့မဖြစ်နိုင်ကြောင်း၊ အကြောင်းမှာ ပင့်ကူသည် ပင့်ကူမျှင်ကို မဆိုစလောက်သာ ထုတ်လုပ်ခြင်းကြောင့်ဖြစ်ကြောင်း၊ ပင့်ကူ၏ ပင့်ကူမျှင်ထုတ်လုပ်ပေးသော မျိုးဗီဇကို ဆိတ်ကဲ့သို့ ကိုယ်ခန္ဓာအရွယ်အစားကြီးသော သတ္တဝါတစ်မျိုးမျိုးထံ ပြောင်းထည့်ပေးနိုင်မည်ဆိုပါက ပင့်ကူချည်များကို ဖောဖောသီသီရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ *အင်တာနက်။*

## ပြည်ကျိုးသယ်ပိုး ပြည်ခိုင်ဖြိုး

* ပြည်သူ့အကျိုး၊ တိုင်းပြည်ကျိုးကို
သယ်ပိုးဆောင်ရွက်၊ ရည်ရွယ်ချက်ဖြင့်
မျိုးဆက်မပြတ်၊ ကြားမလပ်အောင်
စိတ်ဓာတ်ခိုင်တည်၊ စုစည်းညီသည့်
ပြည်ခိုင်ဖြိုးအသင်းပေါ်ခဲ့ပြီ။

* ရပ်ရေးရွာရေး၊ လုံခြုံရေးနှင့်
ရေးရာဖြာဖြာ၊ ဖွံ့ဖြိုးလာအောင်
ကျေးရွာအရောက်၊ ခရီးပေါက်ထိ
စောင့်ရှောက်ကူညီ၊ စွမ်းဆောင်ရည်ကြောင့်
ပြည်သူ့ရင်မှာနွေးထွေးပါ၏။

* မျိုးချစ်စိတ်ထား၊ စွဲကိုင်ထားကာ
စွမ်းအားညီညီ၊ စုစည်းတည်လျက်
ပြည်နယ်ပြည်မ၊ ငြိမ်းချမ်းကြ၍
မြို့ပြကျေးရွာ၊ စည်ပင်လာအောင်
ပါဝင်ကူညီ၊ စွမ်းဆောင်ရည်ကြောင့်
ပြည်သူ့ရင်မှာအေးချမ်းပါ၏။

* စိတ်ဓာတ်စည်းကမ်း၊ ကြံ့ခိုင်စွမ်းဖြင့်
ပွင့်လန်းထုံကြည်၊ စွမ်းအားညီ၍
ပြည်ရေးအတွက်၊ အဘက်ဘက်က
ထက်သန်ဖြည့်ဆည်းအသင်းကြီးတည့်။

* သြော်. . .
ပြည်ခိုင်ဖြိုးအသင်း၊ ပေါ်ထွန်းခြင်းကား
ကောင်းခြင်းဖြာဖြာ၊ မင်္ဂလာနှင့်
ရွာသည့်မိုးသွင်၊ ပြည်သူ့ရင်သို့
စိမ့်ဝင်အေးချမ်း၊ ပီတိလွှမ်းသည်
လန်းဆန်းထာဝရတည်စေသော်. . . .။ ။

ထီယု

## နိုင်ငံတကာ သတင်းများ

## တူရကီတွင် မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**အင်ကာရာ နိုဝင်ဘာ ၂၆**

တူရကီအာဏာပိုင်တို့က မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်း လုပ်နေကြသူများအား သီးခြားစစ်ဆင်ရေးတစ်ရပ်အဖြစ်ဆောင်ရွက်ပြီး ရှာဖွေမှုများ ပြုလုပ်ခဲ့ရာ သီတင်းတစ်ပတ်ကျော်အကြာ၌ မူးယစ်ဆေးဝါးအလေးချိန် စုစုပေါင်း ၁၄၂ ဒသမ ၅ ကီလိုကို သိမ်းဆည်းရမိခဲ့သည်ဟု အနာတိုလီယာ သတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

မူးယစ်ဆေးဝါး မှောင်ခိုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေခဲ့ရာ အရှေ့တောင်ပိုင်းပြည်နယ် ဂါဇီယန်တက်၊ အနာတိုလီယာပြည်နယ် အလယ်ပိုင်းရှိ အင်ကာရာ၊ အနောက်ပိုင်းပြည်နယ်ဖြစ်သော ဘာလစ်ကီဘာနှင့် အရှေ့ပိုင်းပြည်နယ် ဘန်တို့မှ ဘိန်းဖြူ ကီလို ၁၂၀ နှင့် ဆေးခြောက် ၂၂ ဒသမ ၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သည်။ ထို့အပြင် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုနှင့်ပတ်သက်သော လူ ၁၄ ဦးကိုလည်း ဖမ်းဆီးရမိခဲ့သည်။ တူရကီနိုင်ငံသည် အာရှနှင့် အရှေ့အလယ်ပိုင်း ဒေသမှနေ၍ အနောက်ဥရောပသို့ မူးယစ်ဆေးဝါး မှောင်ခိုပို့ဆောင်ရာ အဓိကလမ်းကြောင်းပေါ်တွင် တည်ရှိနေသည်ဟု ဆိုသည်။ ***အင်တာနက်။***

## အီရတ်နယ်မြေများတွင် ဗုံးဖြင့်တိုက်ခိုက်မှုများဖြစ်ပွား ၁၉ ဦးသေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၆**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် နိုဝင်ဘာ၂၄ရက်က ဘတ်စ်ကားတစ်စီးပေါ်၌ ဗုံးပေါက်ကွဲမှုကြောင့် အစိုးရဝန်ထမ်း အမျိုးသမီး ၁၃ ဦး သေဆုံးကြောင်း၊ ဘဂ္ဂဒက်မြို့ အစိမ်းရောင်ဇုန်နယ်မြေအပြင်ဘက်၌ အသေခံဗုံးဖောက်ခွဲရေးသမား၏ တိုက်ခိုက်မှုကြောင့် ငါးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အလားတူ ကာရင်ဒါခရိုင် နာမည်ကြီး ဈေးတစ်ခုတွင် ကင်းလှည့်နေသောရဲတပ်ဖွဲ့အား တိုက်ခိုက်မှုကြောင့် တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့က ဘတ်စ်ကားပေါ်တွင် သေဆုံးရသော အမျိုးသမီးများမှာ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ ဖြစ်ကြသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***



အာဖဂန်နစ္စတန် နိုင်ငံ ကဘူးမြို့ မြောက်ဖျားပိုင်းတွင် ဗုံးကွဲမှု ဖြစ်ပွားသွားသောနေရာကို နိုဝင်ဘာ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ စစ်ဆင်ရေးပြုလုပ် စစ်သွေးကြွ ခြောက်ဦးသေဆုံးပြီး ၁၂ ဦးဖမ်းဆီးရမိ

**ကဘူး နိုဝင်ဘာ ၂၆**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် နိုဝင်ဘာ ၂၅ ရက်က အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များ စစ်ဆင်ရေးပြုလုပ်ရာ စစ်သွေးကြွခြောက်ဦးသေဆုံးပြီး ၁၂ ဦးအား ဖမ်းဆီးရမိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မဟာမိတ်တပ်ဖွဲ့များက ကာပီဆာပြည်နယ် တာဂတ်ခရိုင်တွင်လက်နက်များ အကြီးအကျယ် သယ်ယူရန် လုပ်ဆောင်နေသူ စစ်သွေးကြွတပ်မှူးတစ်ဦးအား ပစ်မှတ်ထားခဲ့ကြောင်း၊ ယင်းစစ်ဆင်ရေးအတွင်း စစ်သွေးကြွငါးဦးသေဆုံးပြီး ခုနစ်ဦးဖမ်းဆီးကာ အေကေ-၄၇ လက်နက်များနှင့် စစ်ဝတ်စုံများကို သိမ်းဆည်းရမိသည်။

အလားတူ ပက်တီကာပြည်နယ် ဇီရတ်စ်ခရိုင်တွင် ပြုလုပ်သောအခြား စစ်ဆင်ရေးတစ်ခုအတွင်း စစ်သွေးကြွတစ်ဦး သေဆုံးပြီး ငါးဦးဖမ်းဆီးရမိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ***အင်တာနက်။***

## အာဖဂန်နစ္စတန်၌ ဗုံးပေါက်ကွဲ ဗြိတိန်တပ်ဖွဲ့ဝင် သေဆုံး

**လန်ဒန် နိုဝင်ဘာ ၂၆**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် နိုဝင်ဘာ ၂၄ ရက်က ဗုံးပေါက်ကွဲမှုကြောင့် ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြသည်။

အဆိုပါတပ်ဖွဲ့ဝင်သည် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ဟဲမန်ပြည်နယ် ကာဂျာကီဒေသတွင် ကင်းလှည့်နေစဉ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် သေဆုံးရကြောင်း ယင်းဝန်ကြီးဌာနက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၁ ခုနှစ်နောက်ပိုင်းမှ စတင်ပြီး ဗြိတိန်တပ်ဖွဲ့ဝင်၁၂၆ဦးထက်မနည်းသေဆုံးခဲ့ရပြီးဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနကိန်းဂဏန်းအရ ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် တည်ငြိမ်မှုမရှိသော ဟဲမန်ပြည်နယ်၌ လွန်ခဲ့သောလများက ဗြိတိန်နှင့်နိုင်ငံခြား တပ်ဖွဲ့များအား တာလီဘန်စစ်သွေးကြွများက တိုက်ခိုက်မှုများ အရှိန်မြှင့်လာခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ငရဲမီးနှင့် အပက်ခံရသည့် အာဖဂန်ကျောင်းသူတစ်ဦး ကန်ဒါဟာဆေးရုံတွင် တက်ရောက် ကုသနေသည်ကို နိုဝင်ဘာ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



## အာဖဂန်နစ္စတန် တောင်ပိုင်း၌ ကျောင်းသူများအား ငရဲမီးဖြင့်ပက်သူ ၁၀ ဦးအား ဖမ်းဆီးရမိ

**ကဘူး နိုဝင်ဘာ ၂၆**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းကန်ဒါဟာပြည်နယ်တွင် ကျောင်းသူများအား ငရဲမီးဖြင့်ပက်သူ ၁၀ဦးအား ဖမ်းဆီးရမိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

ဖြစ်ပွားပုံမှာ နိုဝင်ဘာ ၁၂ ရက်က ကန်ဒါဟာပြည်နယ်မြို့တော်၌ ဆရာများနှင့် ကျောင်းသူများအား အက်စစ်ဖြင့်ပက်သူ ပါကစ္စတန်လူမျိုး၁၀ဦးအား အာဖဂန်ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးခဲ့သည်။

ပါကစ္စတန်နိုင်ငံ လူမျိုးစုဒေသ၌ အခြေစိုက်သော တာလီဘန်စစ်သွေးကြွများက တစ်ဦးလျှင် ပါကစ္စတန်ရူပီး ၁၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၂၀၀ခန့်) ပေးပြီး အက်စစ်ဖြင့်ပက်သည့်ကိစ္စကို လုပ်ဆောင်စေခဲ့သည်ဟု ဖမ်းဆီးခံရသူများက ဝန်ခံကြောင်း ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

## အာဖဂန်နစ္စတန်သို့ ဗြိတိန်တပ်ဖွဲ့များ ထပ်မံစေလွှတ်ရေး ပြည်သူများလက်မခံ

**လန်ဒန် နိုဝင်ဘာ ၂၆**

လာမည့်နှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံသို့ ဗြိတိသျှတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ခြင်းကို ဗြိတိသျှဝန်ကြီးချုပ် ဂေါ်ဒွင်ဘရောင်းက လက်ခံသဘောတူမည်ဆိုပါက ၎င်းသည် နိုင်ငံရေးစိန်ခေါ်မှုတစ်ရပ်နှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း၊ဗြိတိန်နိုင်ငံသား ၆၈ ရာခိုင်နှုန်းက ၁၂ လအတွင်း ဗြိတိသျှတပ်များ ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုကြသည်ဟု ထင်မြင်ယူဆချက်အသစ်တွင် ရေးသားဖော်ပြထားသည်။

ကြာသပတေးနေ့က အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် လန်ဒန်သို့ ရောက်ရှိလာပြီး ဗြိတိသျှဝန်ကြီးချုပ် ဂေါ်ဒွင်ဘရောင်းအား မိမိနိုင်ငံသို့ တပ်ဖွဲ့ဝင်များထပ်မံစေလွှတ်ပေးပါရန်တောင်းဆိုသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ဘီဘီစီသတင်းတွင် ဖော်ပြချက်အရ အာဖဂန်နစ္စတန်၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိမည်ဟု ပြည်သူ ၂၄ ရာခိုင်နှုန်းက လက်ခံကြသော်လည်း ရှစ်ရာခိုင်နှုန်းက ၎င်းတို့၏ သဘောထားကို ပြောဆိုခြင်းမရှိကြောင်း သိရသည်။ ***အင်တာနက်။***

## သဘာဝဘေးအန္တရာယ် သတင်းများ

### ဆွီဒင်လေဆိပ်၌ ဆီးနှင်းမုန်တိုင်းတိုက် လေယာဉ်ခရီးစဉ်များ နောက်ကျ

**စတော့ဟုမ်း နိုဝင်ဘာ ၂၆**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ အာလန်ဒါလေဆိပ်တွင် နိုဝင်ဘာ ၂၄ရက်က ဆီးနှင်းမုန်တိုင်းကျရောက်မှုကြောင့် ခရီးသည် ၇၀၀၀ ခန့် ခရီးစဉ်များ နောက်ကျမှုနှင့် ကြုံတွေ့ခဲ့ရသည်။ အဓိကခရီးစဉ်များမှာ နှစ်နာရီခန့် နောက်ကျခဲ့ပြီး ခရီးသည်အများစုမှာ ကဖီးဆိုင်များနှင့် စားသောက်ဆိုင်များတွင် လေယာဉ်ခရီးစဉ် နောက်ကျမှုကို စောင့်ဆိုင်းနေရသည်။

ဆွီဒင်နိုင်ငံ၏ အိမ်နီးချင်း ဖင်လန်နိုင်ငံ၌လည်း ယင်းမုန်တိုင်းနှင့် ကြုံတွေ့ရပြီး နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်း ထိတိုင်အောင် အိမ်ခြေ ၂၀၀၀ ထက်မနည်း လျှပ်စစ်ဓာတ်အားများ ပြတ်တောက်နေဆဲဖြစ်သည်။ ***အင်တာနက်။***



### ဘရာဇီးတွင် ရေကြီး၊ သေဆုံးသူ ၆၅ ဦးဖြစ်လာ

**ရီယိုဒီဂျနေရို နိုဝင်ဘာ ၂၆**

ဘရာဇီးနိုင်ငံတောင်ပိုင်း ဆန်တာကာတာရီနာပြည်နယ်တွင် ရေကြီးမှုများ ဖြစ်ပွားခြင်းကြောင့် သေဆုံးသူ ၆၅ ဦးဖြစ်လာပြီး လူပေါင်း ၄၃၀၀၀ ခန့် အိုးအိမ်မဲ့ရကြောင်း အင်္ဂါနေ့တွင် တာဝန်ရှိသူများက ပြောကြားသည်။

လွန်ခဲ့သောရက်များက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုခြင်းများဖြစ်ပွားရာ ဒေသအတွင်းရှိ အိမ်များနှင့် လမ်းများပျက်စီးခဲ့ရသည်။

ရေကြီးမှုကြောင့် မြို့ရှစ်မြို့ အဆက်အသွယ်ပြတ်တောက်ခဲ့ပြီး ပြည်သူ ၁၆၀၀၀၀ကျော်မှာ လျှပ်စစ်ဓာတ်အားမရရှိဘဲ ဖြစ်နေရသည်။ **(အပေါ်ပုံ)** ***အင်တာနက်။***



### ပနားမားတွင် ရေကြီး၊ ငါးဦးသေဆုံး

**ပနားမား နိုဝင်ဘာ ၂၆**

ဗဟိုအမေရိကဒေသများ၌ မိုးသက်မုန်တိုင်းများ တိုက်ခတ်မှုကြောင့် ပနားမားနိုင်ငံ အနောက်ဘက်ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုများဖြစ်ပွားရာ ငါးဦးသေဆုံးကြောင်း မိုးလေဝသဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။ ချီရီကွီပြည်နယ် အနောက်ပိုင်းတွင် မြစ်ငါးစင်းထက်မနည်း ရေလျှံမှုကြောင့် ရေကြီးခြင်းဖြစ်ပွားရာ လေးဦး သေဆုံးပြီး ဘိုကတ်ဒယ်တိုရိုဒေသတွင် တစ်ဦးသေဆုံးသည်။ ထို့အပြင် လူ ၅၇၀၀ ထက်မနည်းရှိသော အိမ်များလည်း ရေလွှမ်းခံခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အပေါ်ပုံ)** ***အင်တာနက်။***

### နယူးဇီလန်မြောက်ဘက်ကျွန်း၌ ငလျင်လှုပ်

**ဝယ်လင်တန် နိုဝင်ဘာ ၂၆**

နယူးဇီလန်နိုင်ငံ မြောက်ဘက် ကာမာဒတ်ကျွန်းတွင် နိုဝင်ဘာ ၂၅ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ဝအဆင့်ရှိအင်အားပြင်းငလျင်လှုပ်သွားကြောင်း အမေရိကန်ဘူမိတိုင်းတာရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။

အဆိုပါငလျင်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီ ၃၆မိနစ်က အိုက်ခ်လန့်မြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၉၉၀ အကွာကို ဗဟိုပြု၍ မြေပြင်အောက် ၃၅ ကီလိုမီတာ၌ လှုပ်သွားကြောင်း သိရသည်။ သို့သော် ပျက်စီးဆုံးရှုံးမှုနှင့် သေကျေဒဏ်ရာရရှိမှုအခြေအနေကို ဖော်ပြခြင်း မရှိကြောင်း သိရသည်။ ***အင်တာနက်။***

ကြေးမုံ The Mirror

**နိုင်ငံတကာ သတင်းများ**

# ကာရေဘီယံပင်လယ်ပြင်တွင် စစ်ရေးလေ့ကျင့်မည့် ရုရှားစစ်သင်္ဘောများ ဗင်နီဇွဲလားနိုင်ငံသို့ ရောက်ရှိ

**လာဂွာအီရာ(ဗင်နီဇွဲလား) နိုဝင်ဘာ ၂၆**

ဗင်နီဇွဲလားနိုင်ငံရေပြင်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မည့် ရုရှားစစ်သင်္ဘောများသည် နိုဝင်ဘာ ၂၅ ရက်တွင် ဗင်နီဇွဲလားဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည်။ ရုရှားစစ်သင်္ဘောအုပ်စုတွင် အဏုမြူစွမ်းအင်သုံးဒုံးကျည်တင် ခရူစာ ပီတာသည်ဂရိတ်သင်္ဘော၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး အက်မီရယ်ချာဘာနင်ကို သင်္ဘော၊ ထောက်ပံ့ရေး အီဗန်ဗဗ်နော့ဗ်နှင့် ဆွဲသင်္ဘော အက်စ်ဘီ-၄၀၆တို့ ပါရှိသည်။

ထိုသင်္ဘောများသည် ကာရာကက်စ်မြို့၏ မြောက်ပိုင်း ကီလိုမီတာ ၃၀ အကွာရှိ လာဂွာအီရာဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည်။ ခရူစာသင်္ဘောမှာမူ ပင်လယ်ပြင်ရေနက်ပိုင်း၌ ကျောက်ချရပ်နားထားသည်။ ရုရှားတို့သည် ထိုသင်္ဘောအုပ်စုအပြင် လေယာဉ်ငါးစင်းကိုလည်း စေလွှတ်ထားကြောင်း သိရသည်။

ယင်းသင်္ဘောများသည် ဗင်နီဇွဲလားသင်္ဘောအုပ်စုနှင့် ပူးပေါင်းပြီး နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၃ရက်အထိ စစ်ရေးလေ့ကျင့်မည်ဖြစ်သည်။ ရုရှားစစ်သင်္ဘောများသည် ဗင်နီဇွဲလားနိုင်ငံသို့ ရုရှားသမ္မတဒီမီထရီမက်ဗီဒက် လာရောက်လည်ပတ်မည့်အချိန်နှင့် တိုက်ဆိုင်၍ လာရောက်ကြခြင်းဖြစ်သည်ဟု ဆိုသည်။ ရုရှားသမ္မတနှင့် ရုရှားစစ်သင်္ဘောများ လာရောက်သည့် ခရီးစဉ်ကြောင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း ဗင်နီဇွဲလားအာဏာပိုင်များက ပြောကြားသည်။ **အင်တာနက်။**



နေရောင်ခံပြားနှင့် ကျင်ငယ်ရေသန့်စင်စက်တို့ကို ပြုပြင်ပြီးစီးသွားပြီဖြစ်သော အိုင်အက်စ်အက်စ်အာကာသစခန်းကို နိုဝင်ဘာ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အာကာသစခန်းယာဉ်၏ နေရောင်ခံအပြားနှင့် ကျင်ငယ်ရေသန့်စင်စက်များ ပြင်ဆင်မှုအောင်မြင်

**ကိပ်ကာနီဗယ် (ဖလော်ရီဒါ) နိုဝင်ဘာ ၂၆**

အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)နှင့် ချိတ်ဆက်ထားသည့် အင်ဒဗားလွန်းပျံယာဉ်မှ ယာဉ်မှူးနှစ်ဦးသည် အာကာသအတွင်း လမ်းထွက်လျှောက်ကာ ပြင်ဆင်မှုပြုလုပ်ခဲ့သည့်အတွက် နေရောင်ခံဆိုလာပြား၏ လက်တံများ ပုံမှန်အတိုင်း ပြန်လည်အလုပ်လုပ်လာပြီး ကျင်ငယ်ရေမှ ရေသန့်ချက်လုပ်သောစက်မှာလည်း ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း အင်္ဂါနေ့တွင် သတင်းကောင်းများ ထွက်ပေါ်လာသည်။

အဆိုပါစက်များအနက် နေရောင်ခံ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးသော ဆိုလာပြား ပျက်စီးနေသည်မှာ တစ်နှစ်ကျော်ရှိနေပြီဖြစ်ပြီး ယခုမှ ပြန်လည်ပြင်ဆင်နိုင်ခြင်း ဖြစ်သည်။ ယင်းစက်များ ချွတ်ယွင်းနေခဲ့သော်လည်း အာကာသစခန်းယာဉ်၏ လုပ်ငန်းအစီအစဉ်များကို အနှောင့်အယှက်မဖြစ်ခဲ့ဟု ဆိုသည်။ နာဆာမှ တာဝန်ရှိသူများကမူ နောက်ထပ်စမ်းသပ်မှုများ ဆက်လက်ပြုလုပ်ရန် လိုအပ်သည်ဟု ချင့်ချင့်ချိန်ချိန် ပြောကြားသည်။ ကျင်ငယ်ရေမှ ရေသန့်ပြန်လည်ချက်လုပ်သည့်စက်ကို အင်္ဂါနေ့က စမ်းသပ်လည်ပတ်ခဲ့သည်။ ချက်လုပ်ပြီးသားအရည်များကို အဆင့်မြင့် သန့်စင်ခြင်းရှိ၊ မရှိသိရှိရန် အင်ဒဗားလွန်းပျံယာဉ်က မြေပြင်သို့ သယ်ဆောင်သွားပြီး ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ခြင်း ရှိ၊ မရှိ စမ်းသပ် စစ်ဆေးသွားမည်ဖြစ်သည်။ **အင်တာနက်။**



ဗင်နီဇွဲလားနိုင်ငံ လာဂွာအီရာဆိပ်ကမ်းသို့ ဆိုက်ရောက်လာသော ရုရှားစစ်သင်္ဘောကို နိုဝင်ဘာ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးပုဂ္ဂလိက လေကြောင်းလိုင်း စတင်ပျံသန်း

**ဟန္နွိုင်း နိုဝင်ဘာ ၂၆**

လေကြောင်းခရီးစဉ်ဖြင့် ခရီးသွားလိုသူများ တိုးပွားလာသည်ကို ဖြေရှင်းပေးရန်အတွက် ဗီယက်နမ်နိုင်ငံသည် ယင်း၏ ပထမဆုံးသော ပုဂ္ဂလိကလေကြောင်းလိုင်းကို နိုဝင်ဘာ ၂၅ ရက်မှ စတင်၍ ပျံသန်းနေပြီဖြစ်သည်။

ထိုလေကြောင်းလိုင်းသစ်၏အမည်မှာ အင်ဒိုချိုင်းနားအဲလိုင်းဖြစ်သည်။ ထိုလေကြောင်းလိုင်းသည် နိုင်ငံတောင်ပိုင်း ဟိုချီမင်းမြို့နှင့် မြောက်ပိုင်းရှိ ဟန္နွိုင်းမြို့တို့သို့ သီတင်းတစ်ပတ်လျှင် လေးကြိမ် ပျံသန်းမည်ဖြစ်ကြောင်း လေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ငုရင်သီသန်ကွီယန်က ပြောကြားသည်။

အထက်ဖော်ပြပါခရီးစဉ်အပြင် အင်ဒိုချိုင်းနား လေကြောင်းလိုင်းသည် ဟိုချီမင်းမြို့နှင့် နိုင်ငံအလယ်ပိုင်း ကမ်းခြေမြို့ ဒါနန်းသို့ သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ပျံသန်းမည်ဖြစ်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌဟာဟော်ဒန်က ပြောကြားသည်။ ၎င်းသည် ဗီယက်နမ်နိုင်ငံ၏ ထင်ရှားသော သီချင်းရေးဖွဲ့သူဖြစ်သည်သာမက စီးပွားရေးလုပ်ငန်းရှင်လည်း ဖြစ်သည်။ ယခုအခါ ဗီယက်နမ်နိုင်ငံ ပြည်တွင်းခရီးစဉ်များ၌ ပြေးဆွဲနေသော လေကြောင်းလိုင်းပေါင်း သုံးခုရှိသည်။ ယင်းတို့မှာ အင်ဒိုချိုင်းနားလေကြောင်းလိုင်း၊ ဗီယက်နမ်အဲလိုင်းနှင့် ဂျက်စတားလေကြောင်းလိုင်းတို့ ဖြစ်သည်။ **အင်တာနက်။**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် လျိုဒင်မြို့ရှိ ဓာတုဗေဒစက်ရုံ မီးလောင်နေသည်ကို ကြိုးစားငြိမ်းသတ်နေသူများအား နိုဝင်ဘာ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)




# အစ္စရေးတွင် ဗီယက်နမ်သံရုံး ဖွင့်လှစ်ထားရှိမည်

**တဲလ်အဗစ် နိုဝင်ဘာ ၂၆**

အစ္စရေးနှင့် ဗီယက်နမ်နိုင်ငံအကြားတွင် သံတမန်ဆက်ဆံရေးအရ ဆက်ဆံလာခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်ရှိခဲ့ပြီးနောက် ဗီယက်နမ်က အစ္စရေးတွင် သံရုံးဖွင့်လှစ်ထားရှိရန် စီစဉ်နေကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။ အရှေ့တောင်အာရှနိုင်ငံများသို့ အလည်အပတ် ရောက်ရှိစဉ်တွင် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် အာရွန်အင်ဗရာမိုဗစ်က ဗီယက်နမ်တို့၏ အစီအစဉ်နှင့်ပတ်သက်၍ ပြောကြားခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ၎င်းနှစ်နိုင်ငံသည် ကုန်သွယ်မှုကို တိုးချဲ့ဆောင်ရွက်ရန်အတွက် စီစဉ်လျက်ရှိသည်။ လောလောဆယ်တွင် ထိုနှစ်နိုင်ငံသည် တစ်နှစ်လျှင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၀၀ ရှိသည် ဟုဆိုသည်။

**ပြောကြား**

ဗီယက်နမ်နိုင်ငံမြို့တော် ဟန္နွိုင်းတွင် ပညာရေးအဆင့် မြင့်လာခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်များခြင်းတို့ကြောင့် အဆင့်မြင့်စက်ရုံများ ပေါ်ထွန်းလာသည်။ ထို့အပြင် နိုင်ငံတွင်း၌ စားသောက်ကုန်လုပ်ငန်း၊ အထည်အလိပ်စက်ရုံနှင့် ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာကြောင်း အစ္စရေးအရာရှိက ပြောကြားသည်။

အစ္စရေးတို့က ဗီယက်နမ်နိုင်ငံအပေါ် နှစ်ကာလအတန်ကြာကပင် မျက်စိကျခဲ့သည်။ ယင်းကို ဗီယက်နမ်အာဏာပိုင်တို့က သတိထား၍ ဆက်ဆံမှုပြုခဲ့သည်။

ထိုသို့ ဆက်ဆံရေး တိုးတက်ကောင်းမွန်လာမှုကြောင့် သံရုံးများ အပြန်အလှန် ဖွင့်လှစ်နိုင်သည့်အဆင့်အထိ ရောက်ရှိလာသည်။ **အင်တာနက်။**

# ဗြိတိန်ရှိနိုင်ငံခြားသားများ သီးခြားမှတ်ပုံတင်ကတ် ကိုင်ရမည်

**လန်ဒန် နိုဝင်ဘာ ၂၆**

ဗြိတိန်နိုင်ငံရှိ နိုင်ငံခြားသားများအတွက် သီးခြားမှတ်ပုံတင်ကတ်ပြား ထုတ်ပေးရေးအစီအစဉ်ကို စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

အချိန်အားဖြင့် ခြောက်နှစ်ကြာအောင် အငြင်းအခုန်ဖြစ်ကာ ဆွေးနွေးပြီးနောက် ထိုအစီအစဉ်ကိုဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ယင်းအစီအစဉ်ကို လုပ်ကိုင်ခြင်းမှာ အကြမ်းဖက်မှုများကို ဟန့်တားနိုင်ရန်ဖြစ်ကြောင်း သိရသည်။

**ကျင့်သုံး**

နိုင်ငံခြားသားများအား မှတ်ပုံတင်ကတ် ကိုင်ဆောင်စေသည့် အစီအစဉ်ကို ဗြိတိန်တွင် ဒုတိယကမ္ဘာစစ်ပြီးစအချိန်က ကျင့်သုံးခဲ့ဖူးသည်။

ထိုအစီအစဉ်ကို ဗြိတိန်နိုင်ငံသားများနှင့် အိမ်ထောင်ကျနေသော အမြဲတမ်းနေထိုင်သူ နိုင်ငံခြားသား ဇနီး၊ ခင်ပွန်းများနှင့် ဗြိတိန်နိုင်ငံတွင် လာရောက်ပညာသင်ကြားနေသော နိုင်ငံခြားသား ကျောင်းသားများမှစ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အင်တာနက်။**

# တရုတ်နိုင်ငံ တောင်ပိုင်းတွင် ဓာတုဗေဒစက်ရုံ မီးလောင် နှစ်ဦး သေဆုံး၍ သုံးဦး ဒဏ်ရာရ

**ကွမ်ကျိုး နိုဝင်ဘာ ၂၆**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်ရှိ ဓာတုဗေဒစက်ရုံတစ်ရုံ နိုဝင်ဘာ ၂၅ ရက်ကမီးလောင်ရာ လုပ်သားနှစ်ဦး သေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

လျိုဒင်မြို့ရှိ ဇင်ဘန်သစ်တောထွက်ပစ္စည်းဆိုင်ရာ ဓာတုဗေဒစက်ရုံ၌ နံနက် ၉ နာရီခွဲတွင် မီးစတင် လောင်ကျွမ်းခြင်းဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးအရာရှိက ပြောကြားသည်။

ထိုမီးသည် စတုရန်းမီတာ ၆၀၀ အကျယ်အဝန်းရှိ နေရာကို ပျက်စီးစေခဲ့ပြီး ငြိမ်းသတ်ရန် နှစ်နာရီကျော်ကြာအောင် ကြိုးစားခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒဏ်ရာရရှိသဖြင့် ဆေးရုံတင်ထားရသောလုပ်သားများ၏ အခြေအနေမှာ တည်ငြိမ်မှုရှိကြောင်း သိရသည်။

**အင်တာနက်။**

# ဒီမိုကရေစီနိုင်ငံတော်သစ်ကို ရောက်ရမည်

ခိုင်ထက်အောင်

ကျွန်တော်သည် အဝေးသင်တက္ကသိုလ်မှ ဥပဒေပညာကို ဆည်းပူးကာ အလုပ်တစ်ဖက်ဖြင့် ဘွဲ့ယူရန်ကြိုးစားနေသူဖြစ်ပါသည်။ ခေတ်နှင့်အမီလိုက်နိုင်ရန် ကွန်ပျူတာပညာရပ်များကိုလည်း အစဉ်လေ့လာဆည်းပူးနေပါသည်။ အများပြည်သူတို့၏အကျိုးကို သယ်ပိုးနိုင်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးတွင် ပါဝင်ကာ အသင်းကြီးက ပေးအပ်သော တာဝန်များကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါသည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း အချင်းချင်းတိုက်ခိုက် သတ်ဖြတ်ကာ အာဏာလုနေကြသော ဂိုဏ်းဂဏအုပ်စုများကြောင့် မြန်မာပြည်သူများ နေ့စဉ်စိုးရိမ်ကြောင့်ကြပူပန်ခဲ့ရသည့် ပြည်တွင်းရောင်စုံ သောင်းကျန်းမှုအကြောင်း မိဘ၊ ဘိုးဘွားတို့က မကြာခဏပြောပြကြပါသည်။ ထိုသောင်းကျန်းသူအုပ်စုများက ရထားလမ်း၊ ကားလမ်း၊ ရေကြောင်းလမ်းများတစ်လျှောက် မိုင်းထောင်၊ ဗုံးခွဲ၊ ချောင်းမြောင်းပစ်ခတ်ခဲ့ကြသဖြင့် ခရီးသွားပြည်သူတို့ သေကျေဒဏ်ရာရခဲ့ကြသည်။ ထိုကာလတွင် ရန်ကုန်-မန္တလေးရထားလမ်းတစ်လျှောက် မကြာခဏ မိုင်းထောင်၍ ခရီးသည်များ ရာနှင့်ချီပြီး သေဆုံးခဲ့ကြရသည်။ ၁၉၄၉-၅၀-၅၁ ခုနှစ်များ ဆီကဆိုလျှင် သောင်းကျန်းသူအဖွဲ့များက မြို့ဝင်စီး၊ ရွာဝင်စီး၊ မြို့မီးရှို့၊ ရွာမီးရှို့၊ မထင်လျှင်မထင်သလို ပစ်သတ်သွားခဲ့ကြသည်။ ထိုသို့ ပြည်သူတို့ အသက်ကို ဖက်နှင့်ထုပ်ပြီး ပြေးလွှားပုန်းအောင်းနေခဲ့ရသော ပြည်တွင်းသောင်းကျန်းမှုကာလကလည်း သက်ဆိုးရှည်ခဲ့သည်။

ယခုအခါ တောတွင်းလက်နက်ကိုင်များ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည်။ လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် အဖွဲ့ခွဲ၊ အဖွဲ့ငယ်နှစ်ဆယ်ကျော် ဥပဒေဘောင်၊ ငြိမ်းချမ်းရေးလွင်ပြင် ပြည်သူ့ရင်ခွင်သို့ ပြန်ဝင်လာသဖြင့် ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းသာယာကာ ပြည်သူတို့ရောင်းပန်းဝယ်ပန်းပွင့်လန်းလာသည်။ ထို့ကြောင့် ယခင်အစိုးရများ ကြိုးပမ်းအားထုတ်ခဲ့ကြသော်လည်း မအောင်မြင်ခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေးသည် ယနေ့ထူးထူးခြားခြား အောင်မြင်ငြိမ်းအေးသာယာလာသည်ကို တွေ့ရပါသည်။ လူငယ်လူရွယ်များက အမှတ်တမဲ့ သတိမပြုမိကြသော်လည်း သောင်းကျန်းမှုကြောင့် အသက် အိုးအိမ်များ ဆုံးရှုံးခဲ့ကြသည်ကို မြင်တွေ့ခဲ့ကြသော မိဘ၊ ဘိုးဘွားတို့ အရွယ် သက်ကြီးဝါကြီးများကမူ စိတ်ချမ်းသာစွာဖြင့် သာဓုခေါ်နေကြသည်ကို ကျွန်တော်တို့တွေ့နေရပါသည်။ ပြည်ပကသာဝင်မနှောင့်လျှင် လက်ကျန် သောင်းကျန်းသူအဖွဲ့ခွဲများပင် ငြိမ်းချမ်းရေးရယူပြီးဖြစ်နေလောက်ပေပြီဟုလည်း အဘိုးက ပြောပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်က ဦးဆောင်ပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညွတ်လက်ယှက် ဆောင်ရွက်ကြသဖြင့် မည်သည့်ခေတ်နှင့်မျှမတူအောင် လမ်းများ၊ တံတားများတိုးတက်လာသည်။ စိုက်ပျိုးရေ၊ သောက်သုံးရေများ လိုသလိုရရှိစေမည့် ဆည်တမံများလည်း ရာနှင့်ချီပြီး တည်ဆောက်ထားနိုင်ပါသည်။ နိုင်ငံတစ်ဝန်း တည်ဆောက်မှုများသည် ငြိမ်းချမ်းသော ပတ်ဝန်းကျင်ရရှိသောကြောင့် ပိုမိုအဟုန်ပြင်း မြင့်တက်လာရသည်ဟုလည်း အဖေက ပြောပါသည်။

ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အထူးသဖြင့် ငယ်ရွယ်နုပျိုကြံ့ခိုင်သွက်လက် ဖျတ်လတ်သော လူငယ်လူရွယ်အသင်းဝင်များသည် မိဘပြည်သူများနှင့်အတူ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ခေတ်မီဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကာယကံမြောက် ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များက အထူးဝါယမ စိုက်ထုတ်ဆောင်ရွက်ခဲ့ကြသည်။ ကျေးရွာချင်း ဆက်သောလမ်း၊ ရွာနှင့်မြို့ဆက်သော လမ်းများကို ဖောက်လုပ်ခဲ့ကြသည်။ ကျေးရွာရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးစသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးစားဖြည့်ဆည်းခဲ့ကြသည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် စံပြကျေးရွာသစ်များ တစ်ရွာပြီးတစ်ရွာ ပေါ်ထွန်းလာလျက်ရှိနေသည်။

အာဏာရရေးကလွဲပြီး ဘာကိုမှမစဉ်းစား ပြည်သူ့မျက်နှာ မထောက်ထားဘဲ ဆူပူရန်၊ ဖောက်ခွဲတိုက်ခိုက် သတ်ဖြတ်ရန်ကိုသာ တစိုက်မတ်မတ်လုပ်နေကြသည့် အဖျက်သမား၊ အကြမ်းဖက်သမားများ အန္တရာယ်ကို မပြတ်သောသတိဖြင့် စောင့်ကြည့်ပြီး မိဘပြည်သူတို့ကို ကာကွယ်စောင့်ရှောက်ရသော တာဝန်ကိုလည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ဆောင်ရွက်ရပါသည်။

၂၀၀၈ခုနှစ် မေလ ၂ ရက်နေ့က ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း သေကျေပျက်စီးဆုံးရှုံးမှုကြီးမားသော နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သည်။ ဧရာဝတီတိုင်းတွင် ပျက်စီးဆုံးရှုံးမှုကြီးမားခဲ့ရသည်။ ရန်ကုန်မြို့တွင်မူ အဆောက်အအုံများစွာ အိမ်ခေါင်မိုးများလန်ခဲ့သည်။ သစ်ပင်ကြီးငယ်များ တန်းစီပြိုလဲခဲ့သည်။ ရန်ကုန်တိုင်းအတွင်းမှ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်းတို့တွင် အပျက်အစီးများခဲ့သည်။ ဧရာဝတီတိုင်းမှ ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ ကျိုက်လတ်၊ လပွတ္တာ၊ ဟိုင်းကြီးကျွန်းတို့တွင် လူအသေအပျောက်များပြီး လူနေအိမ်၊ စာသင်ကျောင်း၊ ဆေးရုံဆေးခန်း၊ ဘုန်းတော်ကြီးကျောင်း၊ ဘုရားတန်ဆောင်းများ ပြိုလဲပျက်စီးခဲ့ရသည်။

ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များသည် ရန်ကုန်မြို့လမ်းကြီးလမ်းငယ်၊ ဝင်းကြီးဝင်းငယ်တို့တွင် သွားလာ၍မရအောင် ပြိုလဲပိတ်ဆို့နေသည့်သစ်ပင်များကို မုန်တိုင်းစဲချိန်မှစပြီး တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ချိန်းဆောလွှများ၊ငါးမန်းလွှများ၊ပုဆိန်များဖြင့် ဖြတ်ပြီးရှင်းလင်းပေးခဲ့ကြသည်။ ရန်ကုန်တစ်မြို့လုံးမှ လမ်းအားလုံး နှစ်ရက်အတွင်း ပြန်ပွင့်သွားခဲ့သည်။

လေဘေးဒဏ်အခံရဆုံး မြစ်ဝကျွန်းပေါ်ဒေသများသို့ ပြည်နယ်တိုင်းဒေသစုံမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ သွားရောက်ကူညီခဲ့ကြသည်။ ဦးစွာလေဘေးကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက်ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့သည်။

ကျွန်တော်တို့တာဝန်ကျရာ မြို့နယ်ကျေးရွာများသို့သွားရောက်ကာ မိုးထဲရေထဲ၊ နွံ့ထဲဗွက်ထဲမှာပင် ကျွန်တော်တို့ အပြိုအပျက်များရှင်းကြသည်။ လမ်းများပြုပြင်ခြင်း၊ ဖောက်လုပ်ခြင်းများ လုပ်ခဲ့သည်။ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ ပျက်နေသမျှ ရှင်းလင်းကာ အသစ်ပြုပြင်တည်ဆောက်ကြသည်။ ပြည်တွင်းပြည်ပမှ အလှူရှင်များ၊ စေတနာရှင်များ၊ လုပ်အားရှင်များ၊ ဒေသခံပြည်သူများ၊ NGO အဖွဲ့အစည်းများနှင့်အတူ ကျွန်တော်တို့ တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြရာ ကျွန်တော်တို့ ထိုဒေသများ၌ ရှိနေဆဲမှာပင် ကျွန်တော်တို့ ရှင်းလင်းပြုပြင်ပေးသည့် စာသင်ကျောင်းများ ပြန်ဖွင့်နိုင်သည်ကိုတွေ့ရ၍ ဝမ်းသာပီတိဖြစ်ရသည်။

မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှု ကူညီပြုပြင် တည်ဆောက်နေရချိန်မှာပင် ပြည်ထောင်စုကြီးအတွက် အကောင်းဆုံးမူချရေးဆွဲထားသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း)၂၀၀၈ကို ပြည်လုံးကျွတ်ဆန္ဒခံယူအတည်ပြုမည့် အမျိုးသားရေးလုပ်ငန်းရပ်ကြီးနှင့် တိုက်ဆိုင်နေခဲ့သည်။

အမျိုးသားညီလာခံမှ အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်ကလည်း မီဒီယာများမှတစ်ဆင့် ကျွန်တော်တို့ လေ့လာခဲ့ကြသည်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သို့ ရောက်ရှိစေမည့်မူများဖြစ်ကြောင်း သိနားလည် ယုံကြည်ခဲ့ကြသည်။ အခြေခံဥပဒေမူကြမ်းကို ထိုအမျိုးသားညီလာခံမှချမှတ်ပေးသောမူများဖြင့် ရေးဆွဲထားကြောင်း သိရသဖြင့် ထိုနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း) ၂၀၀၈ကို ပြည်သူက ထောက်ခံဆန္ဒပေးအတည်ပြုမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးအောင်မြင်ရန် ကျွန်တော်တို့ လိုအပ်သမျှ ဆောင်ရွက်ပေးရန် ဆုံးဖြတ်ခဲ့သည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ကျွန်တော်တို့ပါဝင်ဆောင်ရွက်သင့်သော လုပ်ငန်းတာဝန်မှန်သမျှ ဆောင်ရွက်ခဲ့ကြသည်။ မိဘပြည်သူများ စိတ်လက်ချမ်းသာစွာ မဲရုံများသို့ အဆင်ပြေပြေ သွားရောက်မဲပေးနိုင်ရန်လည်း ကူညီခဲ့သည်။

ဤသို့ဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း)သည် ပြည်သူတို့၏ တစ်ခဲနက်သော ထောက်ခံမဲများဖြင့် ထောက်ခံအတည်ပြုခဲ့သည်။ တစ်နည်းအားဖြင့်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈)သည် ပြည်သူတို့၏ အတည်ပြုပေးမှုဖြင့် ခိုင်မာစွာပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ အခြေခံဥပဒေသစ်နှင့်အညီ ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီး အောင်မြင်စေရန် ကျွန်တော်တို့ ကျောင်းစာတစ်ဖက်ဖြင့် အားသွန်ကြိုးပမ်းဆောင်ရွက်သွားပါမည်။ အဘယ်ကြောင့်ဆိုသော် ထိုဒီမိုကရေစီလုပ်ငန်းစဉ်ကြီး အောင်မြင်ပြီးမြောက်သွားပါက နိုင်ငံတော်၏ပန်းတိုင်(ဝ) အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ကျွန်တော်တို့ မျက်မှောက်ပြုရမည် ဖြစ်သောကြောင့်ပါတည်း။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အထူးသဖြင့် ငယ်ရွယ်နုပျို ကြံ့ခိုင်သွက်လက် ဖျတ်လတ်သော လူငယ်လူရွယ်အသင်းဝင်များသည် မိဘပြည်သူများနှင့်အတူ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ခေတ်မီဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကာယကံမြောက် ပါဝင်ဆောင်ရွက်ခဲ့။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များက အထူးဝါယမစိုက်ထုတ် ဆောင်ရွက်ခဲ့။**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၇-၁၁-၂၀၀၈**
**(ကြာသပတေးနေ့)**
**(၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ရက်)**
**(ဥပုသ်နေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အတီးပြိုင်ပွဲ
- ၇း၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၁၀ ၆။ အကပဒေသာ
- ၈း၂၀ ၇။ နားဝင်ပီယံသူ့လက်သံ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ **"စီးဆင်းပါစေမေတ္တာရည်" (မေကဗျာ၊ ဖူးဖူး) (ဒါရိုက်တာ-ခင်ဇော်-ကုမုဒြာ)**
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၃၀ ၄။ **"အဆုံးအဖြတ်" (ခန့်စည်သူ၊ ငှက်ပျောကြော်၊ အေးမြတ်သူ၊ မိုးမိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
- ၄း၄၅ ၅။ အကပြိုင်ပွဲ
- ၄း၅၀ ၆။ တေးဂီတအစီအစဉ်
- ၅း၀၅ ၇။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၅း၂၀ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၃၀ ၉။ တေးဂီတအစီအစဉ်
- ၅း၄၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း" (အပိုင်း-၂၉)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **"ဧရာဝတီရဲ့မနက်ဖြန်" (နေအောင်၊ ကျော်ရဲအောင်၊ ရဲအောင်၊ ဝေဠုကျော်၊ နေတိုး၊ ပြေတီဦး၊ ဟိန်းစိုး၊ နန္ဒ၊ အောင်ခိုင်၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ စိုးမိုးကြည်၊ မိုးပြည့်ပြည့်မောင်၊ ဝိုင်းစုခိုင်သိမ်း) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၄၉)**
- ၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၁။ အစီအစဉ်ပြီး၏။

▲ **ညောင်တုန်းကျွန်းမှ** လယ်မြေများအတွက် ရေရရှိမှု သေချာသော သီးနှံအောင်ရေ ရရှိစေရန်နှင့် သီးထပ်စိုက်ပျိုးမှုတိုးတက်စေရန်၊ လှေဝင် လှေထွက် ရေတံခါးများ၊ ရေသွယ်မြောင်းများနှင့် ပေါင်လမ်းများကို အသုံးပြု၍ ယခင်ကသွားလာရန် ခက်ခဲသော ညောင်တုန်းကျွန်းအတွင်း၌ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ပြီး ဒေသခံလယ်သမားများ၏ လူနေမှုဘဝမြှင့်တင်ပေးနိုင်ရန်အတွက် ဒီပန်းလှိုင်ရေထိန်းတံခါးကိုတည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ပန်းလှိုင်ရေထိန်းတံခါးကို ၁၉၉၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပါတယ်။ အခုဆို ၁၃ နှစ်ခန့်ရှိပါပြီ။ ဒီပန်းလှိုင်ရေထိန်းတံခါး ပြီးစီးသွားတဲ့အတွက် ညောင်တုန်းကျွန်း မြောက်ပိုင်းရှိ လယ်ယာမြေများအတွက် မိုးဦးနှင့်မိုးနှောင်းကာလများတွင် ပိုလျှံသော ရေများကို ထုတ်နုတ်ပေးနိုင်သဖြင့် ရေနက်ကွင်း လယ်ယာမြေများ ရေကြီးခြင်းမှ ကာကွယ်နိုင်ခဲ့သည့်အပြင် နွေရာသီ၌ သီးနှံ၊ သီးထပ်စိုက်ပျိုးမှုအတွက် ပန်းလှိုင်မြစ်မှ ရေပေးသွင်းနိုင်ခဲ့သဖြင့် ဒေသခံတောင်သူလယ်သမားများအတွက် နှစ်ထပ်ကွမ်းအကျိုးရှိစေပါတယ်။ ဒါ့အပြင်ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကရည်မှန်းချက်(၃)ရပ်ဖြစ်တဲ့-

(က) စပါးပိုလျှံရမည်၊
(ခ) စားသုံးဆီဖူလုံရမည်၊
(ဂ) ပြည်ပပို့ကုန် ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်း သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရမည်

ဟူသော ရည်မှန်းချက်များကို အထောက်အကူဖြစ်စေသည့်အပြင် တို့ကိုပါ အထောက်အကူဖြစ်ပါတယ်။ အခုလက်ရှိအချိန်မှာ ဒီလိုရေထိန်းတံခါး တည်ဆောက်ခဲ့တဲ့အတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးနိုင်ခြင်း၊ နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုနှင့်အတူ ဒေသခံတောင်သူလယ်သမားများ၊ မွေးမြူရေးသမားများနှင့် ဒေသခံပြည်သူများအတွက်အပူပင်သောကကင်းဝေးပြီး စိတ်အေးချမ်းမြွေစွာနေထိုင်လုပ်ကိုင်နိုင်တာတွေ့ရတော့ ကျွန်တော်တို့ကြိုးပမ်းတည်ဆောက်မှုက ရရှိလာတဲ့ အကျိုးကျေးဇူးများကို ခံစားနေကြရတာ တွေ့မြင်ရတဲ့အတွက် မိမိတို့ထမ်းဆောင်ခဲ့ရတဲ့ လုပ်ငန်းတာဝန်များအတွက် ဂုဏ်ယူမိပါတယ်” ဟု ကြေးမုံသတင်းအဖွဲ့ကိုရှင်းပြသွားသည်။

ထို့နောက် ပန်းလှိုင်ရေထိန်းတံခါး ပတ်ဝန်းကျင်တွင် လယ်ယာလုပ်ငန်း လုပ်ကိုင်နေသည့် တောင်သူကြီးတစ်ဦးဖြစ်သော ဦးကြင်လှိုင်က “ဟိုးလွန်ခဲ့တဲ့ ၁၃နှစ်ကျော်ခန့်ကဆို မိုးဆိုလည်း လယ်ကောင်းကောင်းမစိုက်နိုင်ပါဘူး။ မိုးနည်းနည်းများပြီဆို ဘယ်တော့ လယ်ပျက်သွားမလဲစိုးရိမ်စိတ်သောကဖြစ်ရတယ်။ နွေကျတော့လည်း အောင်ရေလောက် ကျန်ပါဦးမလားဆိုပြီး စိတ်ပူခဲ့ရတယ်။ ဟောနောက်တော့နိုင်ငံတော်က ဒီပန်းလှိုင်ရေထိန်းတံခါးလည်း ဖွင့်ပေးလိုက်ရော စပါးဆို တစ်သီးစိုက်မလား၊ နှစ်သီးစိုက်မလား ကိုယ်ထွန်ယက်နိုင်သလောက် စိုက်နိုင်တယ်ဗျာ။ ဒါ့အပြင် နွေမှာဆိုလည်း ပဲ၊ နှမ်း၊ နေကြာတို့ကို စိုက်နိုင်တော့ ကျွန်တော့် သား၊ မြေးအတွက်ပူစရာမလိုအောင် ရှာထားနိုင်ပြီဗျာ။ အခု ဒေါင်ဖန်း(လက်တွန်းထွန်စက်)တစ်စီးနဲ့ ကျွဲခုနစ်ကောင်၊ လယ်လုပ်ဧက ၁၈ ဧက ပိုင်နေပြီဗျာ၊ ဆရာလေးတို့ကအချိန်မရလို့ ပြီးတော့လည်း နေလည်းဝင်တော့မှာဆိုတော့ အိမ်ကိုဖိတ်ပြီး ထမင်းမကျွေးနိုင်တာ စိတ်မကောင်းပါဘူးဗျာ၊ နောက်တစ်ခေါက် အေးအေးဆေးဆေးလာဦးဗျာ”ဟု ပြောကြားခဲ့ရာ အပြောမဟုတ် လက်တွေ့မြင်သိခဲ့ရသည်။

ထပ်မံ၍တွေ့ဆုံခဲ့ရသောတောင်သူကြီး ဦးလှမြင့်ကလည်း “ဒီပန်းလှိုင်ရေထိန်းတံခါးရှိတဲ့အတွက် မိုးစပါး ၂၄ ဧက၊ နွေစပါး ၃၅ ဧကကို ပုံမှန်စိုက်ပျိုးနိုင်တဲ့အပြင် ပဲနှင့် နေကြာကိုပါ သီးထပ်စိုက်ပျိုးနိုင်ပါတယ်။ နွေစပါးက ရေရှိမှဖြစ်တယ်လေ လယ်/ဆည်က မြောင်းသွယ်ရေပေးတဲ့အတွက် ကျွန်တော်တို့အဆင်ပြေတာပေါ့။ ရေသွယ်ပေးရုံမဟုတ်ပါဘူး၊ စိုက်ပျိုးရေးအတွက် လိုအပ်တဲ့ မျိုးစပါး၊ ဓာတ်မြေဩဇာ၊ ထွန်စက်ရှိရင်စက်ဆီတွေကိုပါသက်သာတဲ့နှုန်းနဲ့ ပံ့ပိုးပေးနေတော့ ဒီလိုလူစီးပွားမဖြစ်ရင် ဘယ်သူဖြစ်မလဲဗျာ။ အခုအိမ်မှာ နွားလေးကောင်၊ လက်တွန်းထွန်စက်တစ်စီး၊ သမန်းလှေ့စက်တစ်စီးစီပါ ဒီရေထိန်းတံခါးပြီးတဲ့နောက်ပိုင်းမှာ တိုးလာတဲ့ဟာတွေပေါ့ဗျာ”လို့ ဝမ်းသာအားရ ပြောကြားသည်။

မိုးကိုမျှော်ရသည့်ဒုက္ခ၊ မိုးများပြန်လျှင်လည်း လယ်ရေမြုပ်မှာပူရသည့် ဒုက္ခများသည် ယခုကဲ့သို့ ရေထိန်းတံခါးများကို လိုအပ်သည့်နေရာတွင် လိုအပ်သည့် ရေထိန်းတံခါး၊လိုအပ်သည့်နေရာတွင် ဆည်တမံများကို လက်တွေ့ဖော်ဆောင်ပေးခဲ့သည့် နိုင်ငံတော်၏ စေတနာများမှာ ဧရာဝတီဒေသ ညောင်တုန်းကျွန်းက သက်သေပြလျက် ရှိပါသည်။ ။



ဆည်မြောင်းဦးစီးဌာန ညောင်တုန်းမြို့နယ် ဦးစီးအရာရှိ ဦးလှဌေး ရှင်းလင်းပြောကြားစဉ်။





**“နိုင်ငံတော်က ဒီပန်းလှိုင်ရေထိန်းတံခါးလည်း ဖွင့်ပေးလိုက်ရော စပါးဆို တစ်သီးစိုက်မလား၊ နှစ်သီးစိုက်မလား ကိုယ်ထွန်နိုင် ယက်နိုင်သလောက် စိုက်နိုင်တယ်ဗျာ”**
(ဦးကြင်လှိုင်-တောင်သူကြီး)



**“ဒီပန်းလှိုင်ရေထိန်းတံခါးရှိတဲ့အတွက် မိုးစပါး၂၄ဧက၊ နွေစပါး ၃၅ဧကကို ပုံမှန်စိုက်ပျိုးနိုင်တဲ့အပြင် ပဲနှင့်နေကြာကိုပါ သီးထပ် စိုက်ပျိုးနိုင်ပါတယ်။”**
(ဦးလှမြင့်-တောင်သူကြီး)

**ပန်းလှိုင်ရေထိန်းတံခါး၏ မြစ်ဘက်မြောင်းကို တွေ့ရစဉ်။**

လယ်ယာကဏ္ဍလုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ ပြုပြင်ပြောင်းလဲမှုငါးရပ်ဖြစ်သည့်-

(က) စိုက်ပျိုးမြေသယံဇာတဖော်ထုတ် တိုးချဲ့စိုက်ပျိုးရေး၊
(ခ) စိုက်ပျိုးရေဖူလုံစွာ ရရှိရေး၊
(ဂ) လယ်ယာလုပ်ငန်းတွင်စက်ကိရိယာများ တပ်ဆင်အသုံးပြုရေး၊
(ဃ) နည်းပညာ ပြုပြင်ပြောင်းလဲရေး၊
(င) မျိုးကောင်း မျိုးသန့် ထုတ်လုပ်အသုံးပြုရေး




**ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်တွင် စိုက်ပျိုးမြေဧကတိုးတက်စိုက်ပျိုးနိုင်ရန်နှင့် သီးထပ်စပါးတိုးချဲ့စိုက်ပျိုးနိုင်ရန် တည်ဆောက်ပေးထားသည့် ပန်းလှိုင်ရေထိန်းတံခါးကို တွေ့ရစဉ်။**





## ဖတ်ကြား

**နိုဝင်ဘာ၂၂ ရက်က (၈၈)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ပုဇွန်တောင်မြို့နယ် အထက(၂) ကျောင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖတ်ကြားစဉ်။**
(မြို့နယ် ပြန်/ဆက်)

## ဓနုဖြူမြို့ အ-ထ-က မြတ်ဆရာပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ဓနုဖြူမြို့ အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၁၄ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံလိုက်ပါလိုသော ဆရာ၊ဆရာမကြီးများနှင့်ကျောင်းသား၊ကျောင်းသူဟောင်းများသည် ထိုနေ့နံနက် ၆နာရီခွဲတွင် ဓနုဖြူမြို့သို့ မော်တော်ယာဉ် ထွက်ခွာမည်ဖြစ်ပါသဖြင့် လာရောက်ကြပါရန် နှိုးဆော်ထားသည်။လျှောက်ထားလိုသူများသည် ဓနုဖြူ အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းနွဲ့ ဖုန်း-၀၄၆-၂၅၄၂၁၊ဦးမြဟန် ဖုန်း-၀၄၆-၂၅၂၄၃၊ ဦးကျော်ကျော်(ချစ်သဲစာပေ)၊ ဦးစိုးဝင်း ဖုန်း-၀၉၅၁၂၀၇၆၄၊ဦးမြင့်သိန်း ဖုန်း-၀၁-၂၁၀၉၉ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ ခုနှစ် နိုဝင်ဘာလအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၃၀-၁၁-၂၀၀၈)ရက်နေ့

၂၀၀၈ ခုနှစ် ဒီဇင်ဘာလအတွက်
(၁၄-၁၂-၂၀၀၈)ရက်နေ့
နှင့်
(၂၈-၁၂-၂၀၀၈)ရက်နေ့

**❍ ရှေ့ဖုံးမှ**

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဝမ်းတွင်းမြို့နယ်အစ လမ်းအရှည် ၁၁ မိုင် ၂ ဖာလုံရှိ မြေသားလမ်းခင်းထားမှု၊ သစ်သားတံတားများ တည်ဆောက်ထားမှုနှင့် ဝမ်းတွင်းမြို့နယ်အတွင်းရှိ ခရိုင်ချင်းဆက် လမ်းဘေး ဝဲ၊ယာတစ်လျှောက်၌ စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါးစိုက်ခင်းများနှင့် ဝါစိုက်ခင်း၊ နှမ်းစိုက်ခင်း၊ ပြောင်းစိုက်ခင်းတို့ကိုလည်းကောင်း၊ ခရိုင်ချင်းဆက်လမ်းအမှတ်(၂) သာစည်မြို့နယ်အပိုင်း လမ်းအရှည် ၂၅ မိုင် ၅ ဖာလုံတစ်လျှောက် မြေသားလမ်းခင်းထားမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လှိုင်းတက်စည်သွတ်စက်ရုံနှင့် ညောင်ရမ်းမင်းလှကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး ညောင်ရမ်းမင်းလှကန်တာပေါင်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်း၍ ပတ်ဝန်းကျင်ကျေးရွာ တောင်သူများ၏ ညောင်ရမ်းမင်းလှကန်ရေ အသုံးပြု၍ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု၊ ကျေးရွာချင်းဆက် လမ်းများအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် ညောင်ရမ်းဘူတာရုံကို ကြည့်ရှုစစ်ဆေးပြီး ညောင်ရမ်းကျေးရွာအုပ်စုမှတစ်ဆင့် သာစည်-မန္တလေး-ရန်ကုန်လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ နေပြည်တော်သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

## ရေဦးအထက(၁) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်း ရေဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားပေးခဲ့ကြပြီး သက်ပြည့် အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမ ၁၃၀ တို့အား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၇ ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ရေဦးအထက(၁) ကန့်ကော်ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆရာ၊ ဆရာမကြီးများအား ဂါရဝပြု အလှူငွေများကို ဆရာ ဦးကိုကိုကြီး ဖုန်း-၀၁-၅၀၁၇၁၁၊ ဦးကံကြီးမောင် ဖုန်း-၀၁-၂၉၇၉၁၆၊ ဦးကျော်ဝင်း ဖုန်း-၀၂-၅၄၁၇၈၊ ဦးမောင် ဖုန်း-၀၉-၂၀၃၁၄၅၉၊ ဒေါ်အောင်ကြည် ဖုန်း-၀၇၁-၂၁၁၁၆၊ ဒေါ်အေးအေးကြွယ် ဖုန်း-၀၇၁-၂၂၁၀၈တို့သို့ ရပ်နီးရပ်ဝေးမှ ကျောင်းသား၊ကျောင်းသူဟောင်းများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)





ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၀၈ ခုနှစ် ကမ္ဘာ့ဆီးချို သွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# ၂၀၀၈ ခုနှစ် ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

**ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ ခုနှစ် ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်၊အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသော်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးမူဝါဒမှာ "နိုင်ငံတော်အတွင်း ဖြစ်ပေါ်လာမည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများအတွက် ကာကွယ်ကုသရေး လုပ်ငန်းများကို ကြိုတင်စဉ်းစား စီမံထားရန်" ဆိုသည့် မူဝါဒနှင့်အညီ နိုင်ငံတော်တွင် နောင်နှစ်အနည်းငယ်အတွင်း ဖြစ်လာနိုင်သည့် ကျန်းမာရေးပြဿနာတစ်ခုဖြစ်သည့် ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း အမျိုးသား ကျန်းမာရေးစီမံကိန်း(၁၉၉၃-၁၉၉၆)ခုနှစ်မှ စတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက် နှစ်ရပ်ဖြစ်သည့် "လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်ရေး"၊ "လူတိုင်း ရောဂါဘယ ကင်းရှင်းရေး"တို့နှင့်အညီ ပြည်သူလူထုအတွင်း ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာတစ်ခုဖြစ်သည့် ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာအရ ကမ္ဘာပေါ်တွင် ၂၄၆ သန်းသော ပြည်သူများသည် ဆီးချို သွေးချိုရောဂါဖြစ်ပွားနေကြကြောင်း၊ ယင်းရောဂါကို စုပေါင်းညီညာစွာ ကာကွယ်ထိန်းသိမ်းခြင်း မပြုနိုင်ပါက နောင်အနှစ်(၂၀)အတွင်းမှာ လူပေါင်းသန်း ၃၈၀ အထိ ပိုမိုတိုးပွား ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ရေးလုပ်ငန်းများကိုလည်း တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြမှသာ ကုလသမဂ္ဂ၏ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေးနှင့် ကပ်ရောဂါအဖြစ်မှ ကင်းဝေးရေး ရည်မှန်းချက်များ အောင်မြင်မှာဖြစ်ကြောင်း။

ယခု ၂၀၀၈ ခုနှစ်၏ ဆောင်ပုဒ်မှာ "ဆီးချိုရောဂါ ကာကွယ်မှု၊ ငယ်စဉ်ကပင် သတိပြု"ဟု သတ်မှတ်ကာ ဆီးချိုသွေးချိုရောဂါ လက္ခဏာများကို ကလေးနှင့် ဆယ်ကျော်သက် အရွယ်များတွင် သတိပြုမိလာစေရေး၊ ကလေးများတွင် Diabetic Ketoacidosis ခေါ် ကီတုန်းဓာတ်ပစ္စည်း အက်စစ်ဓာတ်များ များပြားသည့် ရောဂါဖြစ်ပေါ်မှုကို လျှော့ချနိုင်ရေး၊ ကလေးသူငယ်များတွင် အမျိုးအစား(၁) ဆီးချိုရောဂါသာမက အမျိုးအစား(၂) ဆီးချိုရောဂါပါ ဖြစ်နှုန်းများ တိုးပွားဖြစ်ပေါ်နေမှုကို သတိမူလာမိကြစေရန်၊ ဆီးချို သွေးချိုရောဂါရှိသော ကလေးသူငယ်များတွင် နောက်ဆက်တွဲ ဆင့်ပွားရောဂါများဖြစ်ပွားမှုကို လျှော့ကျစေရန်နှင့် အမျိုးအစား(၂) ဆီးချို သွေးချိုရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်စားသောက်မှုကို ကလေးသူငယ်ဘဝမှစတင်၍ ပြုမူနေထိုင်နိုင်အောင် လေ့ကျင့်ပေးသွားကြရန် လိုကြောင်း၊ လူငယ်ဘဝကစပြီး ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်စားသောက်မှု (Healthy Lifestyle )ဖြင့် နေထိုင်နိုင်အောင် လေ့ကျင့်ပေးသွားကြရန် လိုအပ်ကြောင်း။

ယခုနှစ် ကမ္ဘာ့ဆီးချို သွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့၏ ရည်ရွယ်ချက်ပေါက်ရောက် အောင်မြင်ပြီး ဆီးချို သွေးချိုရောဂါကြောင့် နိုင်ငံတော်အပေါ် ကျရောက်လာမည့် ကျန်းမာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့နည်းနိုင်သမျှ လျှော့နည်းရအောင် ဆောင်ရွက်သည့်အခါ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ဆီးချို သွေးချိုရောဂါရှင်များ၊ ဆွေမျိုးသားချင်းများ၊ဆီးချိုသွေးချိုရောဂါ ကာကွယ်ကုသရေးကို စိတ်ပါဝင်စားသူများအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ဦးစီးကျင်းပသော လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ဦးစီးကျင်းပသော လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၆ နာရီခွဲတွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ရွှေတောင်ကုန်းကျေးရွာ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် တာဝန်ရှိသူများက ရွှေတောင်ကုန်းကျေးရွာ၊ တညင်းကုန်းကျေးရွာ၊ လေအင်ကုန်းကျေးရွာ၊ ကျားရိုးတန်းကျေးရွာ၊ ကျားကုန်းကျေးရွာတို့၌ နေထိုင်ကြသော လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။**

အဆိုပါ ပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက လှူဒါန်းသော ငွေကျပ် ၆၈၈၅၀၀ တန်ဖိုးရှိ ပစ္စည်းများ၊ ဦးကျော်ကျော် မိသားစု (ခေတ္တစင်ကာပူ)ကလှူဒါန်းသော ငွေကျပ် ၄၈၈၀၀၀ တန်ဖိုးရှိ ပစ္စည်းများ၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့် ဇနီး ဒေါ်စန်းစန်းဝင်း မိသားစုက လှူဒါန်းသော ငွေကျပ် ၄၈၈၀၀၀ တန်ဖိုးရှိ ပစ္စည်းများ၊ Crown Wire ကုမ္ပဏီ ဦးတီးတီး၊ ဦးရှောက်လမ်း၊ ဦးချစ်မိသားစုတို့က လှူဒါန်းသော ငွေကျပ် ၉၃၀၀၀၀ တန်ဖိုးရှိ သွားတိုက်တံ ၂၅၀၊ ဘောလ်ပင် ၂၅၀၊ ဖိနပ် ၃၀၀၊ အကျႌ ၃၀၀၊ သမားတော်ကြီး ဦးလှငွေးနှင့် သီရိသုမေ္မသီဂီ ဒေါ်တင်နွယ်ဦး(မှန်ချိုဆေးတိုက်)က လှူဒါန်းသော ငွေကျပ် ၄၀၀၀၀၀ တန်ဖိုးရှိ ဆေးမျိုးစုံဘူး ၂၅၀၊ ဦးမြတ်သင်းအောင်နှင့် အဂ္ဂမဟာသီရိသုမေ္မသီဂီ ဒေါ်ခင်မြင့်မြင့် အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းက လှူဒါန်းသော ပစ္စည်းများ၊ ကိုဇော်မိုးခိုင်နှင့် ဒေါက်တာစောနေနွယ် (AA Product) ကုမ္ပဏီလီမိတက်က ပျားရည် ၂၀၅ ဘူးနှင့် Pacivite G ဆေးဘူး ၂၅၀ စသည်ဖြင့် စုစုပေါင်းငွေကျပ် ၃၉၆၇၅၀၀ တန်ဖိုးရှိ လေဘေး ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကံသာမြင့်ကျေးရွာတွင် နှစ်လက်မစက်ရေတွင်း တူးဖော်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးနှင့် လုပ်ငန်းခွင် အင်ဂျင်နီယာ၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမြင့်ဆွေ၊ ကျေးရွာဥက္ကဋ္ဌ ဦးစံတင်တို့မှ အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

## အထကဖောင်တော်သီ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၆**

(၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၈ ရက် တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီး ၄၄ ဦးအား ပူဇော်ကန်တော့မည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကြီးငယ်မရွေး တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ရန်ကုန်မြို့၌ ဦးခင်ကျော် ဖုန်း-၀၉၅၀၀၄၂၈၄၊ ဦးသိန်းကြည် ဖုန်း-၀၉ ၅၀၀ ၆၅၀၇၊ ဦးရဲဝင်း ဖုန်း-၀၉ ၅၁၀၆၂၃၀၊ ဦးရင်နွတ် ဖုန်း-၀၉၅၀ ၇၃၃၄၁၊ နေပြည်တော်၌ ဒေါ်ခင်စောဝင်း၊ မန္တလေး၌ ဒေါ်ခင်မူ ဖုန်း-၀၉၅၁၄ ၂၈၅၁၊ တောင်ငူမြို့၌ ဦးသန်းဦး ဖုန်း-၀၅၄-၂၄၆၁၆၊ ရေတာရှည်မြို့၌ ဦးမောင်မြင့် ဖုန်း-၀၅၄-၂၇၄၆၆၊ တောင်ကြီးမြို့၌ ဦးသိန်းဝင်း ဖုန်း-၀၉၅၂၁ ၁၈၀၆ တို့သို့ ပေးအပ်လှူဒါန်းနိုင်ကြောင်းနှင့် ရန်ကုန်မြို့မှ ကားဖြင့် လိုက်ပါလိုသူများသည် ၁၀ ရက် ကြိုတင်၍ စာရင်းပေးကြပါရန်ဖြစ်သည်။ (ကြေးမုံ)

**❑ ကျောဖုံးမှ**

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နေပြည်တော် တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာအုပ်စု လက်ပံပု အနောက်ကွင်း ဦးပိုင်အမှတ် (၁၄၂၂)၊ အကွက်အမှတ် (၈၅)၌ တောင်သူ ဦးသာခိုင်၏ ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါး စုပေါင်းရိတ်သိမ်းခြွေလှေ့ခြင်းနှင့် စံကွက်ရိတ်သိမ်းခြင်းတို့ကို လှည့်လည် ကြည့်ရှုပြီး ခရိုင်စိုက်ပျိုးရေး မန်နေဂျာက မိုးစပါးရိတ်သိမ်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက အထူးအထွက်ကောင်း မနောသုခစပါးမျိုး ရိတ်သိမ်းခြွေလှေ့ခြင်းနှင့် စပ်လျဉ်း၍ ဂရုတစိုက် ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

နေပြည်တော် တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာအုပ်စု လက်ပံပု အနောက်ကွင်းမှ စိုက်ပျိုးထားရှိသော အထူးအထွက်ကောင်း မနောသုခစပါး စံပြရိတ်သိမ်းခြွေလှေ့ခြင်းတွင် တစ်ဧကစပါးအစို(၁၁၉ ဒသမ ၁၃)တင်း ထွက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံမှ ပဲမျိုးစုံကို အိန္ဒိယသမ္မတနိုင်ငံမှ ပုံမှန်ဝယ်ယူရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၆

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းအား အိန္ဒိယသမ္မတနိုင်ငံ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့်လူထုဖြန့်ဖြူးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr.N.K. Raghupathy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် အိန္ဒိယကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး Mr.N.K. Raghupathy က အိန္ဒိယသမ္မတနိုင်ငံအနေဖြင့် အစိုးရချင်းချိတ်ဆက်၍ မြန်မာနိုင်ငံမှ ပဲမျိုးစုံကို ပုံမှန်ဝယ်ယူလိုကြောင်း၊ ထိုသို့ဝယ်ယူရာတွင် အိန္ဒိယသမ္မတနိုင်ငံမှState Trading Corporation ကို တာဝန်ပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုသို့ ပဲမျိုးစုံကိုဝယ်ယူရာတွင် နိုင်ငံတကာပေါက်စျေးအတိုင်း ဝယ်ယူမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားရာ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အိန္ဒိယသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံဖြစ်သည့်အပြင် ချစ်ခင်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်သည့် မိတ်ဆွေနိုင်ငံလည်းဖြစ်သဖြင့် အိန္ဒိယသမ္မတနိုင်ငံအတွက် လိုအပ်သည့် ပဲအမျိုးအစားအလိုက် ရောင်းချရေးကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အား တာဝန်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ဦးဆောင်သောအဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် လူထုဖြန့်ဖြူးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.N.K. Raghupathy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် မွန်းလွဲ ၁ နာရီခွဲတွင် ဆက်လက်ဆွေးနွေးညှိနှိုင်းရာ အိန္ဒိယသမ္မတနိုင်ငံမှ လအလိုက် ဝယ်ယူလိုသည့် ပဲအမျိုးအစား အရေအတွက်ကို အိန္ဒိယကိုယ်စားလှယ်အဖွဲ့မှ အဆိုပြု ပြောကြားပြီး မြန်မာနိုင်ငံမှ ရောင်းချပေးနိုင်မည့် ပမာဏကို ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံ State Trading Corporation တို့ နှစ်လတစ်ကြိမ် စာချုပ်ချုပ်ဆို၍ ထိုကာလတွင် ဖြစ်ပေါ်နေသော နိုင်ငံတကာ စျေးနှုန်းအတိုင်း တင်ပို့ရောင်းချရန် ညှိနှိုင်းခဲ့ကြကာ နိုဝင်ဘာ ၂၄ ရက်တွင် နှစ်ဖက်သဘောတူအစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အလားတူ နိုဝင်ဘာ ၂၄ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံ State Trading Corporation မှ တာဝန်ရှိသူများသည် ပဲမျိုးစုံ အရောင်းအဝယ်အတွက် စာချုပ်ချုပ်ဆိုဆောင်ရွက်ကြမည့် အသေးစိတ်လုပ်ငန်းစဉ်များကို ဆက်လက်ညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နဝမအကြိမ်

# မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ(၂-၃)ရက်နေ့

နေပြည်တော်

# တိုင်းရင်းဆေး ဘယကင်းဝေး ပြည်သူ့ကျန်းမာရေး

# မြန်မာ့အမွေမှန် ဘိုးဘွားပညာဟန် တိုင်းရင်းဆေးညီလာခံ

# တိုင်းကျိုးပြည်ပြု ဝေန်မြစ်ကူး ပုသိမ်တံတား

**သတင်းမှတ်စု-ငြိမ်းခင်ခင်**

မြန်မာနိုင်ငံအနှံ့အပြားမှ တိုင်းရင်းသားပြည်သူများသည် ဧရာဝတီတိုင်း၏ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများဖြစ်သည့် ချောင်းသာနှင့် ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းများသို့ သွားလိုလျှင်သော်လည်းကောင်း၊ မော်တင်စွန်းသို့ သွားလိုလျှင်သော်လည်းကောင်း ရန်ကုန်မှ သင်္ဘောစီးရ၍၊ ဇက်ရေယာဉ်ဖြင့်ကူးရ၍ တစ်ရက်နီးပါး အချိန်ကုန်ခဲ့ရသော်လည်း ယခုအခါ ငါးနာရီအတွင်း ခရီးရောက်ခဲ့ရသည်မှာ ပုသိမ်တံတားကြီး အကျိုးကျေးဇူးကြောင့်ဟု ဆိုရမည်ဖြစ်သည်။

ပုသိမ်တံတားကြီး ဖွင့်လှစ်ခဲ့သဖြင့် ဝေန်မြစ်အနောက်ဘက်ကမ်းရှိ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်တို့ရှိ ကျေးရွာအုပ်စုပေါင်း ၉၃ အုပ်စု၊ ကျေးရွာပေါင်း ၄၈၈ ရွာတွင် နေထိုင်ကြသည့် ပြည်သူသုံးသိန်း လူမှုဘဝမြင့်မားလာသည်။ သွားလာမှု အဆင်ပြေလာသည်။ ဝေန်မြစ်အနောက်ဘက်ကမ်းတွင် နေထိုင်ကြရာ ပုသိမ်မြို့ပေါ်သို့ နေ့စဉ်သွားလာနေကြသည့် ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ရောင်းဝယ်ဖောက်ကားသူများ၊ ကြုံရာကျပန်း လုပ်သားများ လူးလာခေါက်တုံ့ မြင်တွေ့နေရသည်။

ဒေသထွက် ရေထွက်ပစ္စည်းများ၊ ဆန်စပါး၊ အုန်းသီးခြောက်၊ သစ်တောထွက်ပစ္စည်းများမှာလည်း တံတားကြီးပေါ်မှပင် စျေးကွက်သို့ နေ့စဉ်ဖြတ်သန်းနေကြသည်။ မယုံလျှင်မရှိ၊ ကြုံလျှင် ကြည့်ဟုသာ ဆိုချင်ပါသည်။ ၂၀၀၃ ခုနှစ်က ပန္နက်တင်မင်္ဂလာကျင်းပပြီး တည်ဆောက်ရေးကာလတစ်နှစ်နှင့် လေးလကြာမြင့်ခဲ့သည့် ပုသိမ်တံတားကြီးသည် သုံးနှစ်ကျော်ကာလအတွင်း နိုင်ငံနှင့်ပြည်သူအကျိုးကို ထိထိရောက်ရောက် တာဝန်ကျေကျေ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

တံတားအရှည်ပေ ၂၁၄၀ ရှိပြီး ဧရာဝတီတိုင်း ပုသိမ်မြို့နယ်တွင် ဝေန်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ပုသိမ်တံတားကြီးမှာ နိုင်ငံ့ဂုဏ်ဆောင် ဧရာဝတီတိုင်း၏ ကျက်သရေဆောင်၊ တိုင်းကျိုးပြည်ဆောင် တံတားကြီးဟု ဆိုလိုက်ချင်ပါသည်။ ။

# STI Education မှ Certified Ethical Hacking သင်တန်းပို့ချမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ယခုအခါ ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးအဖွဲ့အစည်းများသည် ကွန်ပျူတာနှင့် ကွန်ရက်ဆိုင်ရာနည်းပညာရပ်များကို မဖြစ်မနေ ပိုမိုသုံးစွဲလာကြ၍ စီးပွားရေး အဖွဲ့အစည်းများ၏ သတင်း အချက်အလက်များသည် နည်းပညာရပ်ပေါ်တွင် အဓိကအားထားကာ လုပ်ငန်းများကို လည်ပတ်လျက်ရှိသည်။ IT အတတ်ပညာရှင်များသည်လည်း ခေတ်နှင့်အညီ နည်းပညာရပ်များကို မပြတ်ဆည်းပူး၍ ယှဉ်ပြိုင်မှုများကြားတွင် မိမိတို့အဖွဲ့အစည်း အောင်မြင်မှုအတွက် ကြိုးစားလုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့် ကွန်ပျူတာကွန်ရက်ဆိုင်ရာ လုံခြုံမှုနည်းစနစ်များနှင့် နှောင့်ယှက်လာသူများအား ပြန်လည်ခုခံကာကွယ်ခြင်း (Ethical Hacking) နည်းပညာရပ်များ ရေပန်းစားလာသည်။ Ethical Hacking ဆိုသည်မှာ မိမိ စီးပွားရေးအဖွဲ့အစည်း၏ ကွန်ပျူတာစနစ်ကို ဝင်ရောက်နှောင့်ယှက်သူများ၏ ဘေးမှကာကွယ်ရန် ကွန်ပျူတာနှင့် ကွန်ရက်နည်းပညာဖြင့် မိမိအကျိုးစီးပွားမထိခိုက်စေရန် ကာကွယ်ခြင်းဖြစ်သည်။

ယင်းကျင့်ဝတ်ညီ IT ပညာရှင် (Ethical Hacker)များသည် မိမိ၏ စီးပွားရေးအဖွဲ့အစည်း၏ သတင်းအချက်အလက်များ လုံခြုံရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ကြရသည်။ ယင်းသင်တန်းသည် IT Security Officer, Auditor, Security Professional, Site Administrator, Network Engineer, Computer Architect, Solution Provider များနှင့် အခြားစိတ်ပါဝင်စားသော IT ပညာရှင်များအတွက် အထူးသင့်တော်သည်။

အဆိုပါ သင်တန်းသို့ တက်ရောက်လိုသူများသည် IT လုပ်ငန်းခွင်တွင် လက်ရှိလုပ်ကိုင်နေသူများနှင့် အခြေခံရှိပြီးသော IT ပညာလေ့လာသူများ ပိုမိုတတ်ကျွမ်းစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းသားများသည် မိမိကွန်ရက်စနစ်၏အားနည်းချက်များ၊ ယိုယွင်းပျက်စီးနေသည့် နေရာများကို သိရှိအောင် သင်ကြားရမည်ဖြစ်ပြီး Windows နှင့် Linux စနစ် နှစ်မျိုးလုံးပါဝင်မည်ဖြစ်သည်။ Network Infrastructure များစစ်ဆေးပုံ၊ Firewall Policy များ ချမှတ်ပုံ၊ ကြိုးမဲ့ကွန်ရက်နှင့် ဆက်စပ်သည့် သတိပြုရမည့် အချက်အလက်များ၊ Malware များဖြစ်သည့် Virus များ၊ Worm များ၊ Trojan Horses များ၊ Spyware များ၊ Rootkit များ၊ ကိုင်တွယ်ဖြေရှင်းကာကွယ်ရန် အချက်များကို သင်ကြားပေးမည်ဖြစ်သည်။

ထို့အပြင် ကွန်ရက်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရန် နည်းလမ်းများ၊ လာရောက်နှောင့်ယှက်သူ ရှိမရှိ စစ်ဆေးပုံနည်းလမ်းများနှင့် အခြားလုံခြုံမှုဆိုင်ရာစနစ်များပြောင်းလဲရမည့် ပုံစံတို့ကို လက်တွေ့သင်ကြားရန် ဖြစ်သည်။

သင်တန်း၌ အဓိက Power Point များ၊ Live Demonstration များ၊ လက်တွေ့ပြဿနာ ဖြေရှင်းပုံစာများ၊ နက်နဲသည့်သင်ခန်းစာများကို စာတွေ့နှင့်လက်တွေ့ နှစ်မျိုးစလုံးကို ယင်းလုပ်ငန်းခွင်တွင် နှစ်ပေါင်း ၂၀ ကျော် လုပ်ကိုင်လျက်ရှိသော ဝါရင့်ပညာရှင်များက သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက EC Council ၏ Certified Ethical Hacker စာမေးပွဲဖြေဆိုရန် အသင့်ပြင်ဆင်ပြီးဖြစ်မည်ဖြစ်သည်။

သင်ကြားရာ၌ ကျင့်ဝတ်နှင့်ညီသည့်ကာကွယ်ခြင်းကိုသာ သင်ကြားပေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် သင်တန်းအပ်နှံနိုင်ကြောင်း သိရှိရသည်။ သင်တန်းတက်ရောက်လိုသူများသည် အမှတ် (၃၇၇) ရွှေဘုံသာ အထက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့နှင့် အဆောင်(၄) အခန်း(၇) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၅၀၇၀၄၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂၊ ၂၅၀၀၅၆၊ ၇၀၀၂၇၃ နှင့် ၅၀၇၀၄၆)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။(သတင်းစဉ်)

# ချမ်းသာအောင်မြင်မှုကိုရနိုင်သော အခြေခံအချက်များ ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူးကျင်းပသည့် ‘How to become rich and famous ချမ်းသာအောင်မြင်မှုကို ရနိုင်သော အခြေခံအချက်များ’ ဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ ၂၂ ရက်က မန္တလေးမြို့ Hotel Mandalay ၌ ကျင်းပသည်။

SMART Technical Services Co., Ltd. မှ Managing Director ဦးကျော်ကျော်လှိုင်က ဆွေးနွေးဟောပြောပြီး မန္တလေးမြို့မှ CEO မဂ္ဂဇင်းစာဖတ်ပရိသတ်များ၊ ကြော်ငြာရှင်များ၊ ကုမ္ပဏီလုပ်ငန်းအသီးသီးမှ မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲကို မင်းကြီးကြိုက်လုံချည်က အဓိကပံ့ပိုးကူညီခဲ့ပြီး အောင်သမာဓိရွှေဆိုင်၊ အောင်မြန်မာလျှပ်စစ်ပစ္စည်းရောင်းဝယ်ရေးနှင့် ဟိန်းလျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေးတို့ကလည်း ပံ့ပိုးကူညီခဲ့သည်။

ဆွေးနွေးပွဲတွင် တူဒေးစာအုပ်တိုက်၏ လစဉ်ထုတ် မဂ္ဂဇင်းများဖြစ်သည့် Lifestyle မဂ္ဂဇင်း၊ CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်း၊ PC World Myanmar ကွန်ပျူတာမဂ္ဂဇင်း၊ ပလုတ်တုတ် ကလေးဂျာနယ်တို့ကို အထူးလျှော့နှုန်းနဲ့ တစ်နှစ်စာ ကြိုတင်ငွေသွင်းလက်ခံခဲ့ပြီး တူဒေးတိုက်ထုတ် လုံးချင်းစာအုပ်များကို ၁၀ ရာခိုင်နှုန်း လျှော့စျေးဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

**■ ပီကေမှ**

ပီကေကိုထုတ်လုပ်နိုင်ရန် စားသောက်ကုန်ကုမ္ပဏီများ ကြိုးပမ်းလျက်ရှိကြောင်း ရွှန်ရီးက ပြောကြားသည်။

အစားအစာ စားသုံးပြီးတိုင်း ပီကေဝါးပေးခြင်းဖြင့် သွားပိုးစားသည့်ရောဂါဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ် ကျဆင်းနိုင်ကြောင်း၊ အကြောင်းမှာ ပီကေဝါးခြင်းသည် တံတွေးထုတ်လုပ်မှုကို လှုံ့ဆော်ပေးနိုင်ကြောင်း၊ တံတွေးသည် မိမိတို့၏ သွားများကို ပျက်စီးစေနိုင်သော ဘက်တီးရီးယားပိုးမွှားများကို ဖယ်ရှားပေးနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ခံတွင်းကျန်းမာခြင်းဖြင့် နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် အခြားသော ရောဂါကြီးများ ဖြစ်ပေါ်နိုင်မှုကို အားနည်းစေနိုင်သည် ဆို၏။

ပီကေဝါးခြင်းသည် ဦးနှောက်ဆီသို့သွေးလှည့်ပတ်မှုကို ၄၀ရာခိုင်နှုန်း ပိုမိုကောင်းမွန်စေနိုင်သည်ဟု ဂျပန်နိုင်ငံတွင် ပြုလုပ်သော လေ့လာချက်တစ်ရပ်အရ သိရသည်။ ပီကေဝါးချိန်တွင် ဦးနှောက်သို့ သွေးပိုမိုရောက်ရှိကြောင်း၊ သွေးသည် အောက်စီဂျင်ကို သယ်ဆောင်ပေးပြီး ဦးနှောက်ကလာပ်စည်းများကို ပိုမိုအလုပ်လုပ်စေကြောင်း လေ့လာချက်တွင် ဖော်ပြသည်။ ***အင်တာနက်။***



**အောက်တိုဘာ ၂၈ ရက်တွင် ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၌ ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ အလှူရှင်ဗိုလ်ကြီးလှဝင်း(ငြိမ်း)က ဆုရကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) ရန်ပုံငွေအဖြစ် အကယ်ဒမီရှော့ ရုပ်ရှင်ဇာတ်ကားသစ် ပြသမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) ရန်ပုံငွေရုပ်ရှင်အဖြစ် မြန်မာရုပ်ရှင်ဇာတ်ကားသစ် သုံးကားနှင့် ဂျိန်းစ်ဘွန်းရုပ်ရှင်ဇာတ်ကားသစ်တို့ကို အလှည့်ကျပြသသွားရန်စီစဉ်ထားရာ ပွဲဦးထွက်အဖြစ် ရုံမတင်မီကပင် နာမည်ကြီးလူကြိုက်များနေသော ဒါရိုက်တာညီညီထွန်းလွင် လက်စွမ်းပြရိုက်ကူးသည့် “အကယ်ဒမီရှော့” ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၇း၃၀ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ သမ္မတရုပ်ရှင်ရုံတွင် အထူးပွဲပြသမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများအနေဖြင့် ကြိုတင်လက်မှတ်များကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း(ဗဟို) ဖုန်း-၀၁-၃၈၅၂၇၃ သို့လည်းကောင်း၊ သမ္မတရုပ်ရှင်ရုံ ဖုန်း-၀၁-၂၄၆၉၆၂၊ ၂၄၉၅၆၃၊ ၂၅၂၁၁၈ တို့သို့လည်းကောင်း စိတ်တိုင်းကျဝယ်ယူအားပေးနိုင်ကြောင်း၊ အကယ်ဒမီရှော့ဇာတ်ကားတွင် အကယ်ဒမီရဲအောင်၊ နေတိုး၊ ထွန်းထွန်း၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ ပုလဲဝင်း၊ သင်ဇာဝင့်ကျော်၊ ချောရတနာ၊ ညှော့သည်သရုပ်ဆောင် မယ်လိုဒီ၊ ဗေလုဝ၊ ပွင့်၊ မေတ္တာ၊ ဦးထွန်းထွန်းနိုင်၊ ဇော်ဇော်အောင်၊ ညီကျော်၊ ငှက်ပျောကြော်၊ ညောင်ညောင်တို့ပါဝင်သရုပ်ဆောင်ထားကြောင်းသိရှိရပြီး ရန်ပုံငွေပြသရန် ကမ်းထရီးစတားရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးမြအေးကလည်းကောင်း၊ သမ္မတရုပ်ရှင်ရုံပိုင်ရှင် မင်္ဂလာဦးဇော်မင်းကလည်းကောင်း ကူညီပံ့ပိုးထားခြင်းဖြစ်သည်။

ဆက်လက်၍ မင်္ဂလာဦးဇော်မင်း လှူဒါန်းသည့် ဂျိန်းစ်ဘွန်းရုပ်ရှင်ဇာတ်ကားသစ် Quantum of Solace ကိုလည်းကောင်း၊ လင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာအိအိခိုင်လှူဒါန်းသည့် “ငယ် သူမို့မသိပါ” ရုပ်ရှင်ဇာတ်ကားကိုလည်းကောင်း၊ ဖြိုးနှင့်မင်းရုပ်ရှင်ဇာတ်ကားမှ ဒါရိုက်တာအဏ်ထော်ဏီ(မော်လမြိုင်) လှူဒါန်းသည့် “ဒိဝါကျွတ်အမီ ခယ်မအမြန်အစွံထုတ်ရန်ရှိသည်” ရုပ်ရှင်ဇာတ်ကားကိုလည်းကောင်း ရန်ပုံငွေအထူးပွဲအဖြစ် ဆက်လက်ပြသသွားနိုင်ရန်လည်းကောင်း စီစဉ်ညှိနှိုင်းထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

**အတည်ပြုချိန် ၃း၁၀**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အမှာစကားပြောကြားသည်။** (အောက်ပုံ)

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်နယ်နှင့်တိုင်း ဦးစီးဌာနမှူးများက ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တို့၌ ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းရေးရာ သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သည့် ဝန်ထမ်းများအား ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



## အထူးဈေးရောင်းပွဲတော်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ ၂၄ ရက်က ကသာမြို့ မီတာ(၂၀၀) အားကစားကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အထူးဈေးရောင်းပွဲတော် ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးတေဇာကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်းသိရသည်။ ဖွင့်ပွဲသို့ ခရိုင်ဥက္ကဋ္ဌ ဦးလှဝေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကေ[illegible] နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ (ခရိုင်ပြန်/ဆက်)




## ရွှေရတုသဘင်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့်(၃၇) ကြိမ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကိုနိုဝင်ဘာ ၂၄ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ကျင်းပရာ အသင်းနာယက ဗိုလ်မှူးကြီး အောင်သိန်း(ငြိမ်း)က အမှာစကားပြောကြားပြီး အသက်(၇၅) နှစ်နှင့်အထက်အသင်းဝင်အဘိုး၊အဘွား ၃၉ဦးတို့အား လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ထို့နောက် နှစ်(၅၀)ပြည့် ရွှေရတု မဂ္ဂဇင်းတွင် ဆုရရှိသူများ၊ ဘွဲ့လွန်ပညာထူးချွန်သူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲတွင်ဆုရရှိသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ဆုများချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမှတ်(၁)စက်မှုဝန်ကြီးဌာန ဌာနဆိုင်ရာများ သင်တန်းဆင်းပွဲများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

**အမှတ်(၁) စက်မှုဝန်ကြီးဌာန Industry Reporting System Software အသုံးပြုနည်းသင်တန်း အမှတ်စဉ်(၂/၂၀၀၈)၊ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၈)နှင့် စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ်(၁/၂၀၀၈) ဆင်းပွဲများကို နိုဝင်ဘာ ၂၄ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက သင်တန်းဆင်း အမှာစကား ပြောကြားသည်။**

ယင်းနောက် ဝန်ကြီးက အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၈)တွင် ပထမဆုရ ဒေါ်အေးသီခိုင်၊ ဒုတိယဆုရ ဦးဖြိုးဇင်၊ တတိယဆုရ ဒေါ်ဝင်းဝင်း [illegible] သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား ခေါင်းဆောင် တစ်ဦးအားလည်းကောင်း၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၈)တွင်ပထမဆုရ ဒေါ်အေးအေးသိမ့်၊ ဒုတိယဆုရ ဒေါ်ငြိမ်းငြိမ်း၊ တတိယဆုရ ဒေါ်တင်တင်အေးနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်တစ်ဦးအား လည်းကောင်း**(အပေါ်ပုံ)**၊ Industry Reporting System Software သင်တန်းဆင်း လက်မှတ်များကို သင်တန်းသားခေါင်းဆောင် တစ်ဦးအား လည်းကောင်း ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မကွေးတိုင်း မြိုင်မြို့နယ်နှင့်ပေါက်မြို့နယ်တို့မှ ပရိုင်းမိတ်သွားနှင့်ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိ

နေပြည်တော် နိုဝင်ဘာ ၂၆

**ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် မြန်မာ့သမိုင်း အထောက်အထားများကို ရှေးဟောင်းသုတေသန နည်းပညာများဖြင့် ရှာဖွေဖော်ထုတ်လျက်ရှိသည့်အပြင် လူသားမျိုးနွယ်အစနှင့် ပတ်သက်သော အထောက်အထားများကိုလည်း ကွင်းဆင်း၍ စဉ်ဆက်မပြတ် သုတေသနပြုဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။**

ယခုနှစ်တွင် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မြောက်ပိုင်း) ညွှန်ကြားရေးမှူး ဦးမျိုးညွန့် (ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး)နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်ဆွေ (သုတေသနနှင့်လေ့ကျင့်ရေး) ဦးဆောင်သော အဖွဲ့နှစ်ဖွဲ့သည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်များမှ ဘူမိဗေဒပညာရှင်များ ပူးပေါင်းပါဝင်လျက် နိုဝင်ဘာ ၁ ရက်မှ ၁၇ ရက်အထိ မကွေးတိုင်း မြိုင်မြို့နယ်နှင့် ပေါက်မြို့နယ်တို့၌ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းများကို ကွင်းဆင်းသွားရောက် ရှာဖွေခဲ့သည်။ ကွင်းဆင်းသုတေသနပြုရေး အဖွဲ့(၁) သည် နိုဝင်ဘာ ၁၄ ရက်တွင် မကွေးတိုင်း မြိုင်မြို့နယ် ဗဟင်းကျေးရွာတစ်ဝိုက်ရှိ ပုံတောင်ကျောက်လွှာစုများမှ ပရိုင်းမိတ်၏ သွားနှစ်ချောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။



ယင်းပရိုင်းမိတ် သွားနှစ်ချောင်းတွင် တစ်ချောင်းမှာ ပရိုင်းမိတ်မျိုးစိတ်သစ်၏ ရှေ့သွားဖြစ်ပြီး ကျန်သွားတစ်ချောင်းမှာ ပုံတောင်ဂျီးယား ပရိုင်းမိတ်၏ အပေါ်အံသွား အမှတ်(၃)ဖြစ်သည်။ ယင်းသွားနှစ်ချောင်းမှာ သက်တမ်းအားဖြင့် နှစ်သန်းပေါင်း ၃၇ ဒသမ ၂ သန်းခန့်ရှိကြပြီး ယခင်က တွေ့ရှိခဲ့ဖူးခြင်းမရှိသော ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများ ဖြစ်ကြသည်။

**မကွေးတိုင်း ပေါက်မြို့နယ်အတွင်းရှိ ချိုင်စောက်၊ မြို့ခင်းသာ၊ ပလောင်း၊ ချောင်းကူး၊ သန်းတောအိုင်၊ ဝက်ပုတ်၊ ရှုခွကြီးစသော ဒေသများ၌ သက်တမ်း ရှစ်သန်းမှငါးသန်းရှိ မြန်မာနိုင်ငံတွင် ပထမဦးဆုံးတွေ့ရှိရသော အင်သရာကိုသီးရီး ဝက်မူလမျိုးနွယ်၏ ဘယ်ဘက်အောက်မေးရိုး၊ ရှေ့အံသွားနှင့် အံသွားများပါ ကျောက်ဖြစ်ရုပ်ကြွင်း တစ်ခုကို တွေ့ရစဉ်။** (သတင်းစဉ်)

**မကွေးတိုင်း မြိုင်မြို့နယ် ဗဟင်းကျေးရွာတစ်ဝိုက်ရှိ ပုံတောင်ကျောက်လွှာစုများမှ ပရိုင်းမိတ်၏ သက်တမ်း နှစ်သန်းပေါင်း ၃၇ ဒသမ ၂ သန်းခန့်ရှိသော ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း သွားနှစ်ချောင်းကိုတွေ့ရစဉ်။** (သတင်းစဉ်)







ကွင်းဆင်းသုတေသနပြုရေး အဖွဲ့(၂)သည် မကွေးတိုင်း ပေါက်မြို့နယ်အတွင်းရှိ ချိုင်စောက်၊ မြို့ခင်းသာ၊ ပလောင်း၊ ချောင်းကူး၊ သန်းတောအိုင်၊ ဝက်ပုတ်၊ ရှုခွကြီးစသောဒေသများ၌ ကွင်းဆင်းရှာဖွေခဲ့ရာ သက်တမ်းရှစ်သန်းမှ ငါးသန်းရှိ မြန်မာနိုင်ငံ၌ ပထမဦးဆုံးတွေ့ရှိရသော အင်သရာကိုသီးရီး ဝက်မူလမျိုးနွယ်၏ ဘယ်ဘက်အောက်မေးရိုး၊ ရှေ့အံသွားနှင့် အံသွားများပါ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခု၊ သက်တမ်းငါးသန်းမှ သုံးသန်းခန့်ရှိ ဖြူအနွယ်ဝင် ကျောက်ဖြစ်ရုပ်ကြွင်း၏ ညာဘက်မေးရိုးနှင့် အံသွားများပါ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုတို့ကို ထူးခြားစွာ ရှာဖွေတွေ့ရှိခဲ့သည်။

ယခုကဲ့သို့ လူသားမျိုးနွယ်အစ ပရိုင်းမိတ်များကို စဉ်ဆက်မပြတ် ဖော်ထုတ်နိုင်သည်နှင့်အမျှ မြန်မာလူမျိုးတို့၏ ဇာတိဇာစ်မြစ် ဖြစ်တည်မှုသည် ပိုမိုရှင်သန်ခိုင်မာလာမည်ဖြစ်ရာ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၅) ပထမနေ့ပွဲစဉ်များပြီးဆုံး အသင်းကြီးများအားလုံး အုပ်စုပွဲမပြီးဆုံးမီ နောက်တစ်ဆင့်တက်

UEFA CHAMPIONS LEAGUE

**ဝင်းတင်(ကြေးမုံ)**

လန်ဒန် နိုဝင်ဘာ ၂၆

**ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၅) ပထမနေ့ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့နံနက်တွင် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အုပ်စုပြိုင်ပွဲပြီးဆုံးရန် နောက်ထပ်တစ်ပွဲ ကျန်ရှိနေသေးသော်လည်း ထိပ်တန်းအသင်းကြီးများအားလုံး ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။**

## အုပ်စု (င)

ဤအုပ်စုတွင်ပါဝင်သည့် မန်ယူနှင့် ဗီလာရီးယဲလ်တို့မှာ ရမှတ်ကိုးမှတ်စီရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။လက်ကျန်တစ်ပွဲတွင် မန်ယူက အယ်လ်ဘော့ဂ်နှင့် အိမ်ကွင်း၊ ဗီလာရီးယဲလ်က ဆဲလ်တစ်နှင့် အဝေးကွင်းကစားရမည်ဖြစ်ပြီး ယင်းပွဲက ၎င်းတို့နှစ်သင်းအား အုပ်စုဗိုလ်ဖြစ်ရေး အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။ လက်ရှိ ပွဲစဉ်(၅) အပြီးတွင် အယ်လ်ဘော့ဂ်က ငါးမှတ်နှင့် ဆဲလ်တစ်က နှစ်မှတ်ရရှိထားသည်။ သို့အတွက်ကြောင့် အယ်လ်ဘော့ဂ်မှာ ယူအီးအက်ဖ်အေသို့ သွားခွင့်ရရန် သေချာနေပြီး ဆဲလ်တစ်မှာ ဤအုပ်စု၏ အဖြည့်ခံသက်သက်မျှသာ ဖြစ်ဖွယ်ရှိနေသည်။

## အုပ်စု (စ)

အုပ်စု(စ)တွင်ပါဝင်သည့် ဘိုင်ယန်မြူးနစ်နှင့် လိုင်ယွန်တို့မှာ ရမှတ် ၁၁မှတ်စီရရှိကာ ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်သွားပြီဖြစ်သည်။ လက်ကျန်ပွဲအတွက် ၎င်းတို့နှစ်သင်း လိုင်ယွန်ကွင်း၌ ထိပ်တိုက်တွေ့ဆုံမှာဖြစ်ပြီး အသာရသည့်အသင်းက အုပ်စုဗိုလ်ဖြစ်သွားမည်ဖြစ်သည်။ ဤအုပ်စုတွင်



**အာဆင်နယ်အတွက် တစ်လုံး တည်းသော အနိုင်ဂိုးကို တိုက်စစ်မှူး ဘန်တနာ ဤကဲ့သို့ သွင်းယူပေးခဲ့စဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

ပါဝင်သည့် ဖီအိုရင်တီးနားမှာ သုံးမှတ်ရရှိထားပြီး စတူအာဘူခါရက်မှာ တစ်မှတ်တည်းသာရရှိထားသေးသည်။ ထို့ကြောင့် လက်ကျန်တစ်ပွဲ ထိပ်တိုက်တွေ့ဆုံမှုတွင် သရေရရုံဖြင့် ဖီအိုရင်တီးနားတို့ ယူအီးအက်ဖ်အေဝင်ခွင့်ရရှိမည်ဖြစ်သည်။

## အုပ်စု (ဆ)

ဤအုပ်စုတွင် အာဆင်နယ်က ၁၁ မှတ်နှင့် ပေါ်တိုက ကိုးမှတ်ရရှိကာ အုပ်စုတက်သွားပြီဖြစ်သည်။ ပေါ်တိုကွင်းတွင် ယှဉ်ပြိုင်ရမည့် လက်ကျန်တစ်ပွဲ၌ အာဆင်နယ်တို့ သရေရရုံဖြင့် အုပ်စုဗိုလ် ရရှိမည်ဖြစ်သည်။ ကျန်နှစ်သင်းဖြစ်သည့် ဒိုင်နမိုကိယက်ဗ်မှာ ငါးမှတ်နှင့် ဖီနာဘာချီမှာ နှစ်မှတ်သာ ရရှိထားသေးသည်။ ထို့ကြောင့် အိမ်ကွင်းတွင်ကစားရမည့် လက်ကျန်တစ်ပွဲကို သရေရရုံဖြင့် ဒိုင်နမိုကိယက်ဗ်တို့ ယူအီးအက်ဖ်အေ သွားခွင့်ရရှိမည်ဖြစ်သည်။

## အုပ်စု (ဇ)

အုပ်စု(ဇ)တွင် ဂျူဗင်တပ်စ်က ၁၁မှတ်နှင့် ရီးယဲလ်မက်ဒရစ်က ကိုးမှတ်ရရှိကာ ၁၆သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။ အုပ်စုဗိုလ်ဖြစ်ရန် အခြေအနေကောင်းနေသည့် ဂျူဗင်တပ်စ်မှာ လက်ကျန်ပွဲကို ဘိုရီဆော့ဗ်နှင့် အိမ်ကွင်းကစားရမည်ဖြစ်ပြီး အုပ်စုဒုတိယသာ ရရှိဖွယ်ရှိသည့် ရီးယဲယ်မက်ဒရစ်မှာ လက်ကျန်ပွဲကို ဇင်းနစ်နှင့် အိမ်ကွင်း ကစားရမည်ဖြစ်သည်။ ဤအုပ်စုမှ ယူအီးအက်ဖ်အေ သွားခွင့်ရနိုင်သည့် အသင်းမှာ ရမှတ် ငါးမှတ်ရရှိထားသည့် ဇင်းနစ်ဖြစ်လာနိုင်ပြီး နှစ်မှတ်သာရရှိသေးသည့် ဘိုရီဆော့ဗ်မှာ ဤအဆင့်ဖြင့်သာ ကျေနပ်ရဖွယ်ရှိသည်။

**ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၅) ပထမနေ့ပွဲစဉ်များရလဒ်**

| | | |
|---|---|---|
| ဇင်းနစ် | ၀-၀ | ဂျူဗင်တပ်စ် |
| အာဆင်နယ် | ၁-၀ | ဒိုင်နမိုကိယက်ဗ် |
| ဖီနာဘာချီ | ၁-၂ | ပေါ်တို |
| အယ်လ်ဘော့ဂ် | ၂-၁ | ဆဲလ်တစ် |
| ဘိုရီဆော့ဗ် | ၀-၁ | ရီးယဲလ်မက်ဒရစ် |
| ဖီအိုရင်တီးနား | ၁-၂ | လိုင်ယွန် |
| ဘိုင်ယန်မြူးနစ် | ၃-၀ | စတူအာဘူခါရက် |
| ဗီလာရီးယဲလ် | ၀-၀ | မန်ယူ |

# အပူပိုင်းမုန်တိုင်း အနောက်မြောက်အရပ်သို့ ရွေ့လျား အိန္ဒိယနိုင်ငံ တမီနာဒူးကမ်းခြေကို ဝင်ရောက်နိုင်

ရန်ကုန် နိုဝင်ဘာ ၂၆

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်း တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြပါသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် ၀ ဒသမ ၅၅ လက်မဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ယမန်နေ့က သီရိလင်္ကာနိုင်ငံ (ကိုလံဘို) မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသော မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာပြီး အပူပိုင်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အဆိုပါ အပူပိုင်းမုန်တိုင်းသည် အိန္ဒိယနိုင်ငံ‘ကိုချင်’ မြို့၏အရှေ့ဘက် မိုင် ၂၆၀ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေပြီး အနောက်မြောက်အရပ်သို့ ဆက်လက်ရွေ့ကာ နောက် ၁၂ နာရီအတွင်း အိန္ဒိယနိုင်ငံ တမီနာဒူးကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**နိုဝင်ဘာ ၂၇ ရက် ညနေထိ ခန့်မှန်းချက်။** ။ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာပင်လယ်ပြင်တွင်။** ။လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ကပ္ပလီပြင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဆက်လက်ဖြစ်ပေါ်နိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**
၃၄ ဒသမ ၈ ဒီဂရီစင်တီဂရိတ် ( ၉၅ ဒီဂရီဖာရင်ဟိုက်) ၂၅-၁၁-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**
၂၀ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်) ၂၆-၁၁-၂၀၀၈

**၀၉း၃၀ နာရီအချိန်စိုထိုင်းဆ** ၇၇ရာခိုင်နှုန်း ၂၆-၁၁-၂၀၀၈

**နေပူသည့်နာရီပေါင်း** (၈ ဒသမ ၉)နာရီခန့် ၂၅-၁၁-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၆-၁၁-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၈၀၂ မမ | ၃၀၇၂ မမ | ၃၅၈၀ မမ |
| ယနေ့အထိ | (၁၁၀ ဒသမ ၃၁ လက်မ) | (၁၂၀ ဒသမ ၉၅ လက်မ) | (၁၄၀ ဒသမ ၉၄ လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၅-၁၁-၂၀၀၈ ရက် ၁၇း၃၀ နာရီတွင် အနောက်မြောက်ဘက်မှ တစ်နာရီ ခုနစ်မိုင်နှုန်း တိုက်ခတ်သည်။

# ပုဇွန်တောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပုဇွန်တောင်မြို့နယ် နှစ်ပတ်လည် အစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက် အနော်ရထာလမ်းရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယကဆရာကြီး ဦးဗကလေး(ဗကလေး)၊ နာယက ဦးခင်မောင်လေး (ဖိုးသောကြာ)၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်အောင် (သတင်းထောက်ခင်အောင်)နှင့် အမှုဆောင်လူကြီးများ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူးဦးသန်းထွန်း (သီဟ-ဧရာဝတီ)ကဆောင်ရွက်၍ သဘာပတိအဖြစ် မြို့နယ်စာပေအဖွဲ့ဥက္ကဋ္ဌ ဦးခင်အောင် (သတင်းထောက်ခင်အောင်)က အမှာစကားပြောကြား၍ သက်ကြီးစာပေပညာရှင် ဆရာကြီးဦးဗကလေး(ဗကလေး)က ဆုံးမဩဝါဒစကား ပြောကြားသည်။



မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးမှတ်တမ်းကို မြို့နယ်အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးညီညီအောင်(ညီညီအောင်)က ဖတ်ကြားတင်ပြ၍ မြို့နယ်စာပေအဖွဲ့ အစီရင်ခံစာကို မြို့နယ်စာပေအဖွဲ့ ပြန်ကြားရေးမှူး ဦးဝေမြင့်(မင်းရဲသိန်)က ဖတ်ကြားတင်ပြကာ အစည်းအဝေးမှ အတည်ပြုသည်။ ထို့နောက် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်အောင် (သတင်းထောက်ခင်အောင်) **(အပေါ်ပုံ)**က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (၂၃)

**အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)သည် ညောင်လေးပင်မြို့နယ်မှ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ညောင်လေးပင်မြို့နယ် အထက(၁)ခန်းမ၌ ကျင်းပသည်။**

အဆိုပါ ပညာရည်ချွန်ဆုချီးမြှင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ အထက(၁) ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြပြီး ဆုပေးပွဲကိုကျင်းပရာ ငါးဘာသာဂုဏ်ထူးရ လေးဦးအပါအဝင် ဆုရ ကျောင်းသား၊ ကျောင်းသူ ၆၉ ဦးတို့အား ဆုများချီးမြှင့်ခဲ့ကြောင်းနှင့် ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)မှ ညောင်လေးပင်မြို့အတွက် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မဟာဗန္ဓုလလမ်း တစ်လျှောက် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုအား ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုး နိုဝင်ဘာ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။** (ပြည်နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန
နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများကို
အများပြည်သူစားသုံးရန် အန္တရာယ်ရှိ / မရှိ
စစ်ဆေးရေးအဖွဲ့ ကြေညာချက်အမှတ် (၁/၂၀၀၈) အရ
စစ်ဆေးအတည်ပြုထားသည့်
အန္တရာယ်မရှိသော နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများကိုသာ
အသုံးပြုထားသည့်အတွက် စားသုံးသူများ
ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။

ONE TEA နို့ဆီ

ဖောက်တံ မလိုသော
ONE TEA
နို့ဆီ




M . L . E . C
Multi Level Education Centre
အဆင့်မြင့်မူကြို – (၂)နှစ်ခွဲမှ (၅)နှစ်ထိ
သူငယ်တန်း–မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ အရေးအဖတ်နှင့်
အတွေ့အကြုံဗဟုသုတများဖွံ့ဖြိုးစေရန် တာဝန်ယူဆောင်ရွက်ပေးနေပါသည်။
(၄)နှစ်အထက်ကလေးများ သော်ကြာ၊ စနေ၊ တနင်္ဂနွေ သီးသန့်ကျူရှင်ရှိသည်။
* နောင်အနာဂတ်အတွက် ယုံကြောင်းကလေးများ ပွင့်လန်းစေဖို့ ယခုကတည်းက အစဉ်ပြုပေးမည်*
လိပ်စာ–အမှတ် (၁၇၈–၁၈၀)၊ ၅၁–လမ်း(အထက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 704407
Ferry anywhere

# ကုန်စည်ပြပွဲကျင်းပမည်
ဖန်းမော်မြို့(၆-၁၂-၂၀၀၈)မှ(၁၀-၁၂-၂၀၀၈)ရက်အထိ
(ခရိုင်အားကစားကွင်း)
မြစ်ကြီးနားမြို့ (၁၃-၁၂-၂၀၀၈)မှ(၁၇-၁၂-၂၀၀၈)ရက်အထိ
(မိုးလုံလေလုံအားကစားခန်းမ)
ရွှေခြင်္သေ့ ဖုန်း–၀၉–၅၀–၃၁၆၆၀၊ ၀၉–၅၁–၇၃၀၇၆၊
၃၇၁၈၀၀ လိုင်းခွဲ ၃၉၄၊ ၄၀၈၊ ၆၃၆၅၀၉။

အရည်အသွေးမြင့်စက်အုတ် (၂ ပေါက်၊ ၈ ပေါက်)
သွပ်ပြား၊ ပါလင် လက်လီလက်ကားရောင်းမည်
* လှော်ကားအုတ်စက်(၂)ပေါက်အုတ်(စက်ရုံအထိုင်ဈေး)
လက်လီဈေး - ၈၅/-------- လက်ကားဈေး - ၈၃/-
* မှော်ဘီအုတ်စက်(၈)ပေါက်အုတ်(စက်ရုံအထိုင်ဈေး)
လက်လီဈေး - ၈၅/-------- လက်ကားဈေး - ၈၃/-
* 4 - Angleဒီဇိုင်း ကာလာသွပ်ပြား (0.3mm to 0.4mm)
* 125 x 50mm အမိုး/အကာ ပါလင် (1.4mm to 2.0mm)
ဆက်သွယ်ရန်ဖုန်း:- ၀၁- ၂၉၉၂၀၁ ၊ ၀၁- ၂၉၃၂၂၆ ၊
၀၉၉၉-၇၂၀၆၂ ၊ ၀၉၉၉-၂၇၂၀၆

ဒေါက်တာထွန်းအောင်ကျော် (မျက်စိ) အမျိုးသားစာပေဆုရ ၏
ကြည်ခေ၊ မြင်ခေ၊ ချမ်းမြေ့ခေ
အတွင်းတိမ်၊ ရေတိမ်၊ အာရုံခံလွှာ၊ မျက်ခဉ်းအကြောင်း
စသည့်အရေးကြီးသည့် မျက်စိရောဂါများအကြောင်း တင်ပြထားသည်။ ထွက်ပြီ
ဖြန့်ချိရေး
ယူနိုက်တက်ပွဲးရှင်းမျက်စိကုသမှုနှင့်မျက်မှန်အရောင်းဆိုင်
၁။ ၂၆၃၊ ရွှေဘုံသာလမ်း (အလယ်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၈၄၈၃၈၊ ၇၀၉၆၂၀
၂။ အေ–၃၊ ၇၈–လမ်း၊ (၂၇ × ၂၈) လမ်းကြား၊ မန္တလေးမြို့။ ဖုန်း – ၀၂–၆၈၇၈၆၊ ၃၄၄၄၂
၃။ ၃၉၄၊ ရွှေဘုံသာလမ်း (အထက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၈၆၇၈၆၊ ၂၅၃၃၄၃

IRON CROSS
MUSIC ENTERTAINMENT
XII = I
METAL ZONE
OASIS
တေးရေး–မာရဇ္ဇ၊လင်းမောင်မောင်၊တိုနီကျော်၊ဝင်းကိုးမေမန်း
TAPE CD
28-11-08 ထွက်ပြီ



ဒေါ်မူမူစိန် [၁၂/သဃက(နိုင်)၀၈၄၁၇၃]နှင့် အများသိစေရန်ကြေညာချက်
ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ ဘုရင့်နောင်(၁၁)လမ်း၊ အမှတ်(၁၂)နေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးသန်းဇော် [၁၂/သကတ(နိုင်)၁၄၀၄၄၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-
၁။ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ အောင်ဇေယျ(၃)လမ်း၊ (ဝဲဘက်)၊ အမှတ်-၉(က)ရှိ မြေနှင့်အိမ်
၂။ ၈ဃ/၉၈၉၉ Townace ကားတစ်စီး
၃။ ၈/၄၃၀၄ Willy Jeep ကားတစ်စီး
၄။ ဖူးဖူးအချိုရည်လုပ်ငန်းမှာ ကျွန်ုပ်၏အမှုသည် အမည်ပေါက် ပိုင်ဆိုင်ပါသည်။
အထက်အမည်ပါ ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ ကျွန်ုပ်အမှုသည် မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်ဝင်း LL.B, D.B.L, D.M.L.
တရားရုံးချုပ်ရှေ့နေ
အမှတ်-၉/၁၁၊ (၁၀၂/စီ)၊ (ပထမထပ်)၊ (၃၆)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ H.P-0951 88792

DIESEL KING CO.,LTD
အမှတ်(၁၈၅/၁၉၀)၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)
၁။ **Marketing Manager** ကျား (၂)ဦး
-တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ Marketing နှင့် ပတ်သက်သောဒီပလိုမာ ရရှိထားသူဖြစ်ရမည်။ ဦးဆောင်နိုင်သောအရည်အချင်းရှိရမည်။ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းဖြန့်ချိရေး တွင်အတွေ့အကြုံရှိရမည်။နယ်ခရီးထွက်နိုင်သူဖြစ်ရမည်။
၂။ **Marketing Staff** ကျား (၁၀)ဦး
-တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း ဖြန့်ချိရေးတွင် အတွေ့အကြုံရှိရမည်။ပေါင်းသင်းဆက်ဆံရေးကောင်းမွန်၍ သွက်လက်ပြေပြစ်စွာ စကားပြောဆိုနိုင်ရမည်။နယ်ခရီးထွက်နိုင်သူဖြစ်ရမည်။
၃။ **Accountant** မ (၂)ဦး
-B.Com (or) LCCI Level III ၊ Computer ကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၂)နှစ် ရှိရမည်။
■ စိတ်ပါဝင်စားသူများသည် ရန်ကုန်ဗဟိုစာတိုက်ကြီး စာတိုက်သေတ္တာအမှတ် (၆၄၃)သို့ကိုယ်ရေးရာဇဝင်အပြည့်အစုံဖြင့် ပေးပို့လျှောက်ထားနိုင်ပါသည်။ မိမိလျှောက်ထားလိုသည့်အလုပ်အကိုင်ကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထားရမည်။ (အလုပ်သမားမှတ်ပုံတင်ပူးတွဲ ပါရှိရမည်။)

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူရန်အတွက် ချိပ်ပိတ်တင်ဒါ (Sealed Tender) ခေါ်ယူပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | **လေအေးပေးစက်**(၁.၅ HP Split type) | (၁၄) လုံး |
| (ခ) | **Personal Computer (P IV)** | (၆) စုံ |
| (ဂ) | **Laptop Computer** | (၁) လုံး |
| (ဃ) | **LCD Projector(With Screen)** | (၁) စုံ |
| (င) | **Laser Jet Printer** | (၄) လုံး |
| (စ) | **Inkjet Printer** | (၂) လုံး |
| (ဆ) | **Dot Matrix Printer** | (၃) လုံး |
| (ဇ) | **Paper Shredder** | (၅) ခု |

၂။ တင်ဒါပိတ်ရက်မှာ ၁၅-၁၂-၂၀၀၈ ရက်ဖြစ်ပြီး တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်တွင် တစ်စုံလျှင် (၃၀၀၀ိ/) နှုန်းဖြင့်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၉၁၆၄နှင့် ၀၆၇-၄၀၉၁၆၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန**

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၊ ရန်ကုန်မြို့ မီးသင့်ဖယောင်းပျက်ရောင်းချရန် ကြော်ငြာ

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တွင် မီးသင့်ဖယောင်းပျက် ပိဿာ(၃၀၀၀)ခန့်အား တင်ဒါစနစ်ဖြင့်ရောင်းချရန် ရှိပါသည်။ ဝယ်ယူလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက် တစ်စုံလျှင်(၃၀၀၀/) နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ဌာန၌ ဝယ်ယူ၍ ၃-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့) နံနက် (၁၁း၀၀)နာရီတွင်ဈေးပြိုင်တင်ဒါတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။ အာမခံငွေအား ၂-၁၂-၂၀၀၈(အင်္ဂါနေ့) မွန်းလွဲ(၁၅း၀၀)နာရီ နောက်ဆုံးထား၍ ပေးသွင်းရပါမည်။

အသေးစိတ် အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။ **ဂေါပကအဖွဲ့**

**အင်ဂျင်နီယာကိုယ်တိုင်**
**TV-VCD-DVD**
**အိမ်အရောက်ပြင်သည်**
☎ : 545937, 703743

**သင့်သွေးဖြင့်အသက်ကယ်ပါ**

### ငွေစာရင်း (AG) ရုံး ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ယခင် ငွေစာရင်းမင်းကြီးရုံး (AG)မှ လက်ရှိ (သို့မဟုတ်) အငြိမ်းစားယူပြီးသော သက်ကြီးများအား ပူဇော်ကန်တော့ တွေ့ဆုံခြင်း၊ စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခြင်းများ ပြုလုပ်မည်ဖြစ်ပါသဖြင့် ဝန်ထမ်းဟောင်းများ ဖြစ်သည့် ဦးခင်စိုး ဖုန်း-၅၁၆၄၆၇၊ ဦးမြင့်သိန်း ဖုန်း-၂၀၃၄၉၉ တို့သို့ ဆက်သွယ်နိုင်ပြီး ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ (ကြေးမုံ)

**သက်ရှိလောက**
**တည်မြဲဖို့**
**သဘာဝ**
**တောတွေ**
**ထိန်းသိမ်းစို့**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ကချင်ပြည်နယ်၊ နမ္မတီးမြို့၊ မြို့မရပ်ကွက်နေ
(ဦးရှိန်ချန့်)-ဒေါ်နု(အောင်စတိုး)တို့၏ သားထွေး
**ဗိုလ်ကြီးညီညီနိုင် B.Sc (D.S.A), M.Sc (Maths:), M2(Y.U)**
နှင့်
ရန်ကုန်မြို့နေ
ဗိုလ်ကြီးကျော်ဝင်း(ငြိမ်း)-ဒေါ်ခင်စိုးသိန်းတို့၏ တစ်ဦးတည်းသော သမီးထွေး
**မနှင်းသန္တာစိုး B.A (International Relations)**
**Dip in Global English,PGDCA(Y.U),KBZBank Ltd.**

တို့၏ ၂၃-၁၁-၂၀၀၈ ရက်တွင် Panda Hotel ပုလဲခန်းမ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးအောင်မြင့်ဦး (Chairman) Sun Moon Group, Thein Than Oo Offset နှင့် ဇနီးဒေါ်ယဉ်နု၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ပါမောက္ခဒေါက်တာ ဦးစောတင်(အကြံပေးပုဂ္ဂိုလ်)(သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)နှင့် ဇနီး ပင်လုံဒေါ်သီတာ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော မစန္ဒာလင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မသင်းသင်းထွေး၊ သတို့သားအရံ ဗိုလ်ကြီးအောင်ဘိုဘိုဟိန်းနှင့် သတို့သမီးအရံ မမို့မို့လွင်၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်နှင့်ဆံပင် ခင်စန်းဝင်းနှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးသော ကိုအန်နီ၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော စိုးစန္ဒာထွန်းနှင့် စန္ဒရားကွန်းဇော်တေးဂီတအဖွဲ့၊ မင်္ဂလာဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင် ရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက် ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိ၊ အရာခံများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ Panda Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးညီညီနိုင်-မနှင်းသန္တာစိုး**

## မွေးနေ့ဆုတောင်းလွှာ

၂၇-၁၁-၂၀၀၈ ရက်တွင် ကျရောက်သော ချစ်ဇနီး **ဒေါ်ခင်သူဇာလှိုင်** ၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် မိသားစုဘဝရေးကို ထာဝရလက်တွဲ လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ပါတယ်. . .

ချစ်ခင်ပွန်း - ဗိုလ်မှူးလင်းဇော်ထွန်း
ချစ်သမီးများ - သီရိဆင့်၊ သီရိတင့်




## UNIQUE STAR

Dec လဆန်းတွင်တန်းခွဲများစတင်ပါမည်။

### LANGUAGE & PROFESSIONAL TRAINING CENTER

* အင်္ဂလိပ်စာနှင့်စကားပြောသင်တန်း * ကွန်ပျူတာအခြေခံသင်တန်း
* တရုတ်စာနှင့်စကားပြောသင်တန်း * စာရင်းကိုင်အခြေခံသင်တန်း

☞ ပြည်တွင်း၊ ပြည်ပအလုပ် လုပ်ကိုင်လိုသူများအတွက် လုပ်ငန်းခွင် လက်တွေ့အသုံးချနိုင်ရန် သင်ကြားပေးခြင်း။
☞ ပြည်တွင်း၊ ပြည်ပ အလုပ် **Interview** များအတွက် အထောက်အကူပြုရန် သင်ကြားပေးခြင်း။
☞ သင်၏အခက်အခဲများကို နွေးထွေးသည့် ဝန်ဆောင်မှု၊ ထိရောက်သည့် သင်ကြားမှုများနှင့် ဝန်ဆောင်မှုပေးခြင်း။

**No.F2-6** (ပ-ထပ်)၊ အောင်ဆန်းကွင်း မြောက်ဘက်တန်း၊ (ဖဆပလရှေ့)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၄၉၄၉၊ ၃၉၄၉၅၀၊ ၃၉၄၉၅၁

## တိုက်နှင့်ခြံအမြန်ရောင်းမည်။

သုဝဏ္ဏအားကစားရုံအနီး သစ်ရာပင်လမ်းတွင် မြေအကျယ် ၁၀၀' × ၈၀' အိမ်အကျယ် (၇၀၀၀)စတုရန်းပေ ဆောက်လုပ်ထားသော ခေတ်မီသုံးထပ်တိုက်နှင့် ၂၀'×၅၀'×၆'ရှိ ခေတ်မီရေကူးကန်ပါသောခြံကို ဈေးလျှော့၍ရောင်းပါမည်။ MASTER BED ROOM (၅) ခန်း၊ ရိုးရိုး(၃)ခန်း၊ အဲယားကွန်း(၉)လုံး၊ တယ်လီဖုန်း(၂)လုံး၊ ရိုးရိုးမီတာ၊ ပါဝါမီတာ၊ ဂျိုးဖြူရေ၊ အဝီစိတွင်းရေ၊ ကားဂိုဒေါင်၊ မြက်ခင်း၊ သရက်၊ မာလကာ၊ သြဇာ၊ ဆီးသီး၊ အုန်းပင်၊ သီးပင်စားပင်အစုံပါဝင်သည်။ ညှိနှိုင်းဈေးဖြင့် တည့်အောင်ရောင်းမည်။ **ဖုန်း-၅၇၉၁၉၁၊ ၃၇၂၆၆၀**

## စီးပွားလာဘ်လာဘများ တိုးတက်အောင်မြင်ပါစေကြောင်း နှစ်သစ်ကူးအကြို ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

ကျွန်တော်များ၏ သုဝဏ္ဏနဒီ ကုမ္ပဏီမှ တင်သွင်းဖြန့်ချိလျက်ရှိသော **NZMP (Whole Milk Powder)** နှင့် **Golden River (Full Cream Milk Powder)** နို့မှုန့် အမျိုးအစားများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကျန်းမာရေးဝန်ကြီးဌာန နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများကို အများပြည်သူစားသုံးရန် အန္တရာယ် ရှိ/မရှိ စစ်ဆေးရေးအဖွဲ့ ကြေညာချက်အမှတ် (၁/၂၀၀၈)အရ အန္တရာယ်ကင်းရှင်းကြောင်း အတည်ပြုချက်ရရှိပြီး ဖြစ်ပါသည်။

မိမိတို့၏ ကုန်ပစ္စည်းများကိုသာ အစဉ်တစိုက်ဝယ်ယူ အားပေးလျက်ရှိသော **Green Circle Co., Ltd. - Ve Ve Soft Drinks Factory** မှ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော **Milk Drinks (Yoghurt)** များမှာလည်း အန္တရာယ်ကင်းရှင်းကြောင်းနှင့် စားသုံးသူ ပြည်သူအပေါင်းတို့ ယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ပါကြောင်း သိစေအပ်ပါသည်။

မိမိတို့ ကုန်ပစ္စည်းအား ဝယ်ယူအားပေးလျက်ရှိသော **Ve Ve Soft Drinks** နှင့် **Ve Ve Yoghurt** များ ရောင်းအားကောင်း၍ စီးပွားလာဘ်လာဘများ တိုးတက်အောင်မြင်ပါစေကြောင်း နှစ်သစ်ကူးအကြို ဆုမွန်ကောင်း ပို့သလိုက်ပါသည်။

**Director** သုဝဏ္ဏနဒီ–ထရေးဒင်းလီမိတက်

## စီးပွားလာဘ်လာဘများ တိုးတက်အောင်မြင်ပါစေကြောင်း နှစ်သစ်ကူးအကြို ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

ကျွန်တော်များ၏ လမင်းတရာ ကုမ္ပဏီမှ တင်သွင်းဖြန့်ချိလျက်ရှိသော **NZMP (Whole Milk Powder)** နို့မှုန့် အမျိုးအစားများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကျန်းမာရေးဝန်ကြီးဌာန နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများကို အများပြည်သူစားသုံးရန် အန္တရာယ် ရှိ/မရှိ စစ်ဆေးရေးအဖွဲ့ ကြေညာချက်အမှတ် (၁/၂၀၀၈)အရ အန္တရာယ်ကင်းရှင်းကြောင်း အတည်ပြုချက်ရရှိပြီး ဖြစ်ပါသည်။

မိမိတို့၏ ကုန်ပစ္စည်းများကိုသာ အစဉ်တစိုက်ဝယ်ယူ အားပေးလျက်ရှိသော **Green Circle Co., Ltd. - Ve Ve Soft Drinks Factory** မှ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော **Milk Drinks (Yoghurt)** များမှာလည်း အန္တရာယ်ကင်းရှင်းကြောင်းနှင့် စားသုံးသူ ပြည်သူအပေါင်းတို့ ယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ပါကြောင်း သိစေအပ်ပါသည်။

မိမိတို့ ကုန်ပစ္စည်းအား ဝယ်ယူအားပေးလျက်ရှိသော **Ve Ve Soft Drinks** နှင့် **Ve Ve Yoghurt** များ ရောင်းအားကောင်း၍ စီးပွားလာဘ်လာဘများ တိုးတက်အောင်မြင်ပါစေကြောင်း နှစ်သစ်ကူးအကြို ဆုမွန်ကောင်း ပို့သလိုက်ပါသည်။

**Director** လမင်းတရာ ကုမ္ပဏီလီမိတက်

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**




နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် နေပြည်တော်တပ်ကုန်းမြို့နယ် မြောက်မြိုက်ကျေးရွာအုပ်စု တောင်သူဦးဝင်း စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# တိုင်းမှူးဗိုလ်ချုပ်ဝေလွင် ငွေချည်(၆)ချည်မျှင်ရှည်ဝါစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၆**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့နံနက် ၈နာရီတွင် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော်တပ်ကုန်းမြို့နယ် မြောက်မြိုက်ကျေးရွာအုပ်စု တောင်သူဦးဝင်း၏ ကွင်းအမှတ်(၉၄၉) ဦးပိုင်အမှတ်(၁၂)၌ စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် ငွေချည်(၆)ချည်မျှင်ရှည်ဝါစိုက်ခင်းဆွတ်ခူးနေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဝါစိုက်ပျိုးရေးမန်နေဂျာနှင့် ဒေသခံတောင်သူများက ယခင်စိုက်ပျိုးသည့် ဝါမျိုးများနေရာ၌ လက်ရှိစိုက်ပျိုးနေသော ငွေချည်(၆)ဝါမျိုးများကို ပြောင်းလဲစိုက်ပျိုးရသည့်အတွက် မိမိတို့ဒေသခံတောင်သူများအနေဖြင့် အကျိုးကျေးဇူးများစွာရှိကြောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❑

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ယနေ့ ပြည်တွင်း ၊ ပြည်ပ သတင်းများ အညွှန်း



အာကာသစခန်း ယာဉ်ပြင်ဆင်မှုများ အောင်မြင်

စာမျက်နှာ- ၅



မြိုင်နှင့် ပေါက်မှ ပရိုင်းမိတ် သွားနှင့် ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိ

စာမျက်နှာ- ၁၀



**ဧရာဝတီတိုင်း ပုသိမ်မြို့နယ်တွင် ငဝန်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ပုသိမ်တံတားကို အပေါ်စီးမှ တွေ့ရစဉ်။** (သတင်းမှတ်စု၊ စာမျက်နှာ-၉)

## စားသောက်ကုန်နည်းပညာ

ဘာသာပြန်-ရဲမောင်

# ပီကေဝါးခြင်းနှင့် ကျန်းမာရေး သိပ္ပံနည်းကျ လေ့လာသင့်

**ဝါရှင်တန် နိုဝင်ဘာ ၂၆**

ပီကေဝါးခြင်းသည် ကျန်းမာရေးအတွက် အထောက်အကူပေးနိုင်ကြောင်း၊ ပီကေဝါးသော ကျောင်းသားကျောင်းသူများသည် မှတ်ဉာဏ်စမ်းသပ်သည့် သင်ခန်းစာများ၌ အမှတ်ကောင်းကောင်း ရရှိတတ်ကြောင်း အမေရိကန်နိုင်ငံတွင် ပြုလုပ်သည့် လေ့လာချက်တစ်ရပ်အရ သိရသည်။

အမေရိကန်စာသင်ကျောင်း အများစုတွင် ကျောင်းသား၊ ကျောင်းသူများ ပီကေဝါးခြင်းမပြုလုပ်ရန် စည်းကမ်းထုတ်ပြန်ထားသော်လည်း ပီကေဝါးခြင်း၏ ကောင်းကျိုးများကို သိပ္ပံနည်းကျတင်ပြနိုင်မည်ဆိုပါက ယင်းစည်းကမ်းချက်ကို ပြန်လည်ရုပ်သိမ်းလာဖွယ်ရှိကြောင်း အီလီနွိုက်စ်ပြည်နယ် ပလာနိုမြို့မှ စားနပ်ရိက္ခာဆိုင်ရာ သိပ္ပံပညာရှင် ရွှန်ရီးက ပြောကြားသည်။

အမေရိကန်နိုင်ငံတွင် လူတစ်ဦးလျှင် နှစ်စဉ် ပီကေစားသုံးမှုမှာ ၁ ဒသမ ၈ ပေါင်ခန့်ရှိကြောင်း၊ ကျန်းမာရေးကို အထောက်အကူပြုသည့် အာနိသင်များပါဝင်သော **စာမျက်နှာ ၉ကော်လံ ၄သို့** ■



**ဆေးဖက်ဝင် အာနိသင်များ ပါရှိသော ပီကေများကို ထုတ်လုပ်နိုင်ရန် စားသောက်ကုန်ကုမ္ပဏီများက ကြိုးပမ်းလျက်ရှိသည်။**

(ဓာတ်ပုံ- အင်တာနက်)